

SAMPLE BOOK


mgyoe.com

SAMPLE BOOK

အနိုင်အမာဆုံးနှင့် အတည်ငြိမ်ဆုံး
တကယ့်ဖြစ်ရပ်မှန် နောက်ခံ
မှတ်တမ်းဝတ္ထု။
မြန်မာတစ်မျိုးသားလုံး မမေ့မပျောက်နိုင်သည့်
ဖက်ဆစ်ဆန့်ကျင်ရေး၊
တော်လှန်ရေးနေ့ကို မှတ်တမ်းတင်သော . . .

ဟန်ဝင်းအောင်

# မတ်လ ၂၇



YP483
9781995004839

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

## ဟန်ဝင်းအောင် (တက္ကသိုလ် ဟန်ဝင်းအောင်) [၁၉၃၆–၂၀၁၅]

ညောင်တုန်းမြို့နယ် ရွှေဝှရွာ၌ အဖ ဦးထွန်းလှ၊ အမိ ဒေါ်စိမ်းရင်တို့က ၁၄ ဖေဖော်ဝါရီ ၁၉၃၆၊ သောကြာနေ့ဖွား၊ သားထွေး ဖြစ်၍ အမည်ရင်း ဦးဟန်သိန်း ဖြစ်သည်။
ရွှေဝှရွာ ဘုန်းတော်ကြီးကျောင်း၊ ညောင်တုန်းမြို့ ပစ္စူဆရာတော် ဦးပညာဝံသ ကျောင်းတို့တွင် မူလတန်းပညာ သင်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ် အပြီးတွင် ညောင်တုန်း အစိုးရ အထက်တန်းကျောင်း၌ ပညာသင်ယူရာ ၁၉၄၈ တွင် သတ္တမတန်း အောင်သည်။ ထို့နောက် ရန်ကုန်မြို့ စပါယ်ရှယ် ဟိုက်စကူးကျောင်း၊ တစ်ဖန် ၁၉၄၉ တွင် မြို့မကျောင်းသို့ ပြောင်းရွှေ့ပညာဆည်းပူးသည်။ ၁၉၅၁ တွင် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ၊ ၁၉၅၃ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာ သင်ယူရာ ၁၉၅၅ တွင် ဥပစာတန်း အောင်ပြီးနောက် ကျောင်းထွက်ပြီးလျှင် ပြင်ပမှ အလွတ်ဖြေဆိုရာ ၁၉၅၇ တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။
၁၉၅၁–၅၂ တွင် ရေတပ်မတော်သို့ ဝင်သည်။ ထို့နောက် ပြည်ထောင်စုဘဏ် မှတ်တမ်းစာရေး (၁၉၅၄)၊ စတလက၌ အထက်တန်းလက်ထောက် (၁၉၅၅)၊ ညောင်တုန်း၊ တာပွန်၊ မင်းလှ အထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာ (၁၉၅၆–၅၉)၊ တစ်ဖန် ၁၉၆၀–၆၂ အထိ အင်းစိန်၊ မြစ်ကြီးနားတို့တွင် လက်ထောက် အလုပ်သမားအရာရှိမှသည် အလုပ်သမားအရာရှိ အဖြစ် အမှုထမ်းခဲ့သည်။
၁၉၅၂–၅၃ တွင် ဗကသသစ် ရန်ကုန်ခရိုင်နှင့် ဆက်သွယ်ပြီး စပါယ်ရှယ်အထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ အမှုဆောင်၊ ၁၉၅၃–၅၄ တွင် ရန်ကုန်တက္ကသိုလ် ဒီအက်စ်အိုကျောင်းသားများအဖွဲ့ ဘဏ္ဍာရေးမှူး၊ ၁၉၅၇ တွင် ဆိုရှယ်လစ်ဝါဒ လေ့လာရေးအဖွဲ့ မအူပင်ခရိုင် တာဝန်ခံ၊ ၁၉၅၈ တွင် ညောင်တုန်း ဖဆပလ လူငယ်အဖွဲ့ ဥက္ကဋ္ဌ၊ ၁ ဇန်နဝါရီ ၁၉၆၄ တွင် ဖွဲ့စည်းသော လူငယ်စာရေးဆရာကောင်စီ ဥက္ကဋ္ဌ၊ ၁၉၆၅ တွင် အမျိုးသားစာပေ ညီညွတ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး စသည့် တာဝန်များ ယူခဲ့သည်။
၁၉၅၀ တွင် စီးပွားရေး သတင်းစာ၌ ကဗျာများ ရေး၍ စာပေလောကထဲသို့ ဝင်ခဲ့သည်။ ချစ် ချစ်တာ သူ့ကို (၁၉၅၉) သည် ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။ 'ဟန်ဝင်းအောင်'၊ 'တက္ကသိုလ် ဟန်ဝင်းအောင်' ကလောင်အမည်နှင့် ရေးသားခဲ့သော စာအုပ်များအနက်မှာ (၁၉၆၀)၊ ချစ်စံပယ်ငုံ (၁၉၆၀)၊ ရွက်ကြွေမလေး (၁၉၆၁)၊ ချစ်တဲ့သူ အငိုတိတ်အောင် (၁၉၆၂)၊ ဆောင်းပန်းနဲ့ နွေပွင့် (၁၉၆၂)၊ မိုးဦးစံပယ် [ချစ်စံပယ်ငုံနှင့် သည်စံပယ်ကုံးလေးကြောင့် ပူးတွဲ] (၁၉၆၂)၊ ချစ်သူတောနှင့် လွမ်းသူတောင် (၁၉၆၃)၊ ချယ်ရီပန်းများ ကြွေရာလမ်း (၁၉၆၃)၊ ပုံဝမာ တင်ပြမယ် (၁၉၆၃)၊ ကျောင်းသူကလေးများ မချစ်ဝံ့ပြီ (၁၉၆၃)၊ ချစ်နှန်းရိပ်မှ ကြိုမည်သခင် (၁၉၆၄)၊ မတ်လ ၂၇ (၁၉၆၆)၊ ၁၄/၁၅/၁၆ (၁၉၆၆)၊ ငကလည်း ငှ၊ နကလည်း န (၁၉၇၃)၊ ရှမ်းပြည်ကိုသွား ရှမ်းစကား မောင် နားမလည် (၁၉၇၃) တို့မှာ ထင်ရှားသည်။
၁၇ ဇန်နဝါရီ ၂၀၁၅၊ မွန်းလွဲ ၁၂:၄၀ နာရီတွင် မြိတ်မြို့နယ် သမုတ်ကျေးရွာမှာ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၆၆) ပုဂံစာအုပ်တိုက်

ဒုတိယအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်

(နိုဝင်ဘာ ၂၀၁၉)

အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း

မောင်ငွေထွန်း နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး

၂၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

## မတ်လ သို့မဟုတ် အသွင်ပြောင်းလ

စိတ်ဝင်စားမည် ဆိုပါလျှင် ဗမာ့နိုင်ငံရေးကို နောက်ခံထားလျက် မတ်လ၏ သရုပ်ကို ဦးစွာ ခွဲပြလိုပါသည်။ သို့ သရုပ်ခွဲပြရာတွင် ရှေးပဝေသဏီကျသော မတ်လတို့၏ဖြစ်စဉ်ကို ချန်လှပ်၍ ဗမာ့နိုင်ငံရေးသမိုင်းတွင် အရေးပါ အရာရောက်သော ၁၉၃၇ ခု မတ်လ ၂၇ မှ စတင်၍ ပြောပြလိုပါသည်။

၁၉၃၇ ခုနှစ် မတ်လတွင် ဗြိတိသျှ ကိုလိုနီသမားများသည် မြန်မာနိုင်ငံအား အိန္ဒိယ အင်ပါယာတွင်းမှ ခွဲထုတ်ကာ ၉၁ ဌာနအုပ်ချုပ်ရေးကို အစပျိုးခဲ့ပေသည်။ သည် ၉၁ ဌာနအုပ်ချုပ်ရေး အစမပျိုးမီ ၁၉၃၂ ခုနှစ်၌ ကျင်းပ ပြုလုပ်သည့် ဒိုင်အာခီ တရားဥပဒေပြု လွှတ်တော်၏ နောက်ဆုံး ရွေးကောက်ပွဲတွင် အိန္ဒိယနှင့် မြန်မာပြည် တွဲရေးဘက်မှ ဆန္ဒမဲ ၄၁၅,၀၀၀၊ အမတ် ၄၂ ဦး၊ ခွဲရေးဘက်မှ ဆန္ဒမဲ ၂၅၀,၀၀၀၊ အမတ် ၂၉ ဦး ရသော်လည်း ဗြိတိသျှ ကိုလိုနီနယ်ချဲ့သမားများသည် လူထုဆန္ဒနှင့် ဆန့်ကျင်လျက် ခွဲထုတ်မိအောင် ခွဲထုတ်ခဲ့ပေသည်။ ထိုလတွင် ၁၂၉၂ ခုနှစ်က သခင်ဗသောင်း စတင်တည်ထောင်သည့် တို့ဗမာ အစည်းအရုံး၏ တတိယမြောက် ညီလာခံ ကျင်းပခဲ့၏။ ထိုညီလာခံကြီး၌ အကြိတ်အနယ် ဆွေးနွေးပြီးနောက် သခင်အမတ်များက လစာငွေ မယူရန် ဆုံးဖြတ်သည်။ ထိုညီလာခံ၏ ဆုံးဖြတ်ချက်မှ "ကိုယ့်မင်းကိုယ့်ချင်း" အဖွဲ့နှင့် "ဗမာ့လက်ရုံးတပ်" တို့သည် ပေါက်ဖွားခဲ့ရ၏။ သခင်မြ ဦးစီးသော ထိုကိုယ့်မင်းကိုယ့်ချင်း ဥပဒေပြုလွှတ်တော်အဖွဲ့နှင့် ပင်ဖြူ သခင်လှဖေ ဦးစီးသော ဗမာ့လက်ရုံးတပ်တို့သည် နောင်အနာဂတ် ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေး တပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်၊ ဖက်ဆစ် ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ ဖြစ်ပေါ်တည်ရှိရေးတို့အတွက် အခြေခံဖြစ်ခဲ့၏။



mgyoe.com

mgyoe.com



SAMPLE BOOK

၁၉၃၈ ခု မတ်လ ၂၇ သည်ကား တို့ဗမာအစည်းအရုံး၏ နိုင်ငံရေး ဦးဆောင်မှုဖြင့် ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲများ ဆင်နွှဲစ ပြုရန် အားယူတာစူသော သမယပင်ဖြစ်၏။ ထိုနှစ်တွင် ၁၃၀၀ ပြည့် အရေးတော်ပုံဟု ထင်ရှားသော အထွေထွေ သပိတ်ကြီးနှင့် လူထုအုံကြွမှုသည် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့၏။ ထိုလူထုအုံကြွမှုကြီးတွင် ကျောင်းသားလူငယ်များ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် မြို့နေလူတန်းစားများလည်း တက်ကြွစွာ ပါဝင်ခဲ့ကြ၏။ ထိုနှစ် ၂၁-၁၂-၃၈ နေ့တွင် အတွင်းဝန်ရုံးကို ကျောင်းသားများ သပိတ်တားရာမှ နံပါတ်တုတ်ဖြင့် ပုလိပ်များ ရိုက်နှက်၍ ဗိုလ်အောင်ကျော် သေဆုံးခဲ့ရ၏။ ကျောင်းသား ၂၀၀ ကျော်လည်း ဒဏ်ရာရ၏။ ရွှေဘို၊ မြေဒူးမြို့မှ မြန်မာမွတ်စလင် ရွှေဖီ၏ မော်လဝီနှင့် ယောဂီစာတန်းကြောင့် ကုလား-မြန်မာအဓိကရုဏ်းကြီး ဖြစ်ရ၏။ မန္တလေးတွင် အစိုးရကို အာဏာဖီဆန်သဖြင့် ရဟန်းရှင်လူ ၁၇ ဦး စစ်ပုလိပ်၏ သေနတ်ဒဏ်ချက်ကြောင့် သေဆုံးကြရသည်။

၁၉၃၉ ခု မတ်လ ၂၇ တွင် ယင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကြောင့် နန်းရင်းဝန် ဒေါက်တာဗမော် ဦးစီးဦးဆောင်ပြုသော ညွန့်ပေါင်းအစိုးရ ပြုတ်ကျကာ ဗြိတိသျှ အလိုတော်ရိ ဦးပု အစိုးရ တက်လာ၏။ ဦးပု အစိုးရ တက်လာပြီး ၆ လအကြာ ၁၉၃၉ ခု စက်တင်ဘာလ ၃ ရက်နေ့တွင် ဂျာမနီနိုင်ငံက ဗြိတိသျှနိုင်ငံအား စစ်ကြေညာသဖြင့် ဥရောပစစ် စတင်ခဲ့လေသည်။ ထိုအခါ ဘုရင်ခံက မည်သူ့သဘောမျှမယူဘဲ မြန်မာပြည်သည် ဂျာမနီနှင့် စစ်ဖြစ်နေပါပြီဟု ကြေညာ၏။ တို့ဗမာအစည်းအရုံးကြီးက ကန့်ကွက်၏။ သို့ရာတွင် နန်းရင်းဝန် ဦးပုက ဥပဒေပြုလွှတ်တော်တွင် “မိမိ တိုင်းသူပြည်သားများကလည်း ဗြိတိသျှရန်သူ ဂျာမနီကို ဆန့်ကျင်တိုက်ခိုက်ပါမည်” ဟု ပြောဆို၏။

၁၉၄၀ ပြည့် မတ်လ ၂၇ တွင်ကား လွှတ်တော်ဝန်ကြီး ဦးဘသီက ဥပဒေပြုလွှတ်တော်တွင် “မြန်မာနိုင်ငံအား ဗြိတိသျှအစိုးရက ဒိုမိနီယံ အဆင့်အတန်းကို ဦးစွာပေးထားလျှင် ဤစစ်ကြီး၌ ဗြိတိသျှဘက်မှ ကူညီတိုက်ပေးမည်” ဟူသော အဆိုကို တင်၏။ လွှတ်တော်က အတည်ပြု၏။ ဗမာလူထုကြီးကလည်း ဤဆုံးဖြတ် အတည်ပြုချက်ကို တညီတညွတ်တည်း ထောက်ခံ၏။ ထိုအဆို အတည်ဖြစ်သဖြင့် ဗြိတိသျှအား ဤစစ်ကြီးတွင် ထောက်ခံပါသည်ဆိုသော နန်းရင်းဝန် ဦးပု အစိုးရ ပြုတ်ကျသည်။ နန်းရင်းဝန် ဦးပု ပြုတ်ကျခြင်း

mgyoe.com

mgyoe.com


နှင့် အတူ နန်းရင်းဝန်ဦးစော အစိုးရ တက်လာ၏။ ထိုနှစ်တွင် သခင်ပေါင်း မြောက်မြားစွာ ကာကွယ်ရေးဥပဒေအရ ဖမ်းဆီးအကျဉ်းချထားခြင်း ခံရသည်။

၁၉၄၁ ခု မတ်လ ၂၇ သည်ကား ဗိုလ်ချုပ်အောင်ဆန်း ဒုတိယအကြိမ် မြောက် ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်သောနေ့ဖြစ်၏။ ဂျပန်ပြည်သို့ လျှို့ဝှက် စွာ သွားခဲ့သော သခင်အောင်ဆန်းသည် ဟာနေဒါ လေယာဉ်ကွင်းတွင် မစ္စတာ မီနာမီ ခေါ် ဗိုလ်မိုးကြိုးနှင့် ပထမအကြိမ် တွေ့ပြီးနောက် မြန်မာနိုင်ငံအား ဗြိတိသျှ သံဖနောင့်အောက်မှ ကယ်တင်ရန် အကြံဖြင့် ရန်ကုန်သို့ ပြန်လာရာ ၁၉၄၁ ခု မတ်လ ၃ ရက်နေ့တွင် ရန်ကုန်သို့ ရောက်လာ၏။ ရန်ကုန်တွင် မတ်လ ၉ ရက်နေ့ထိ လျှို့ဝှက်စွာနေပြီးနောက် နိုင်ငံချစ်လုလင်တစ်စုကို ခေါ်ကာ ဂျပန်ပြည်သို့ ပြန်သည်။ မတ်လ ၂၇ ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်လေသည်။ ဤရက်ကား ဗမာ့အနာဂတ် နိုင်ငံရေးအတွက် မမေ့ဖွယ်ရက်လည်းဖြစ်၏။ ထိုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် စစ်မကြေညာဘဲ ဂျပန်က အမေရိကန်ပိုင် ပါးလ်ဟာဗာ ပုလဲဆိပ်ကမ်းကို ဗုံးကြဲခဲ့၏။ ထိုနှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ယိုးဒယားပြည် ဘန်ကောက်မြို့၌ ဖွဲ့စည်းခဲ့၏။ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ကို ဂျပန်ဗုံးကြဲလေယာဉ် ၇၀ ကျော်က ဗုံး ကြဲသည်။ နာတာလူး ခရစ္စမတ်နေ့တွင်လည်း ဒုတိယအကြိမ် ဗုံးကြဲပြန်၏။

၁၉၄၂ ခု မတ်လ ၂၇ သည်ကား ဗြိတိသျှ မဟာမိတ်တပ်များ ပြည်မြို့မှ အောင်မြင်စွာ ဆုတ်ခွာရသောနေ့ဟု အဆိုရှိ၏။ ဇန်နဝါရီလ ၁၉ ရက်နေ့ကား ဂျပန်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်က ထားဝယ်မြို့ကို စတင်သိမ်းသောနေ့ ဖြစ်၏။ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မော်လမြိုင်ကို နယ်ချဲ့တပ်များ လက်လွှတ် ရပြန်၏။ ဖေဖော်ဝါရီ ၁၅ ရက်နေ့၌ တပ်သား ၇၀,၀၀၀ ကျော်ရှိသော ဗြိတိသျှ တပ်ကြီးသည် စင်ကာပူတွင် လက်နက်ချ အညံ့ခံလိုက်ရ၏။ စစ်တောင်းတံ တား တိုက်ပွဲတွင် ဗြိတိသျှတို့ အကြီးအကျယ် ဆုံးရှုံးကာ စစ်တောင်းတံတားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၅ နာရီတွင် ဖောက်ခွဲ ချိုးချလိုက်၏။ ရန်ကုန်မြို့ကြီး ကို ဖောက်ခွဲဖျက်ဆီးပစ်ရန်နေ့ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့အဖြစ် ဘုရင်ခံ ဒေါ်မန်စမစ်က ကြေညာ၏။ မတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ကြီး၏ စစ်အတွက် အရေးပါ အရာရောက်သော နေရာများကို ဖောက်ခွဲ ဖျက်ဆီးသည်။ သန်လျင် ရေနံချက်စက်ရုံကြီးကိုလည်း ထိုနေ့တွင် ဖျက်ဆီးပစ်သည်။ ထိုနေ့၌ ရန်ကုန်မြို့ ဂျပန်လက်သို့ ကျသည်။ မတ်လ ၂၇ ရက်နေ့ ပြည်မြို့ကို ဂျပန်သိမ်း၍ မတ်လ ၂၈ ရက် အမှတ် ၂၂ တရုတ်တပ် တောင်ငူတွင် ဂျပန်နှင့် ဗမာ့လွတ်လပ်ရေး


mgyoe.com

mgyoe.com

SAMPLE BOOK

တပ်မတော် အဝိုင်းခံရသည်။ ဧပြီလ ၃ ရက်နေ့ မန္တလေးကို ဂျပန် ဗုံးကြဲ၏။ ဧပြီလ ၁၅ ရက်နေ့ နံနက် ၁ နာရီတွင် ရေနံချောင်းရှိ ရေနံတွင်းများကို ဗြိတိသျှ တပ်များက ဖောက်ခွဲပစ်လိုက်ကြသည်။ ဧပြီလ ၁၈ ရက်နေ့တွင် ရှမ်းပြည် တောင်ပိုင်း လွိုင်လင်မြို့ကို ဂျပန်တို့ သိမ်းပိုက်သည်။ ဧပြီလ ၂၅ ရက်နေ့ မန္တလေးထောင်တွင် ရောက်နေသော သခင်နုနှင့် အချို့ခေါင်းဆောင်များအား တရုတ်ပြည်ခေါ်ရန် ခေါ်ထုတ်၏။ မြစ်ကြီးနားမြို့ကို မေလ ၇ ရက်နေ့၌ ဂျပန်က သိမ်းပိုက်၏။ ဒေါ်မန်စမစ်သည် မြစ်ကြီးနားမှ မေလ ၂ ရက်နေ့တွင် အိန္ဒိယသို့ ဆုတ်ခွာ၏။ မြစ်ဝကျွန်းပေါ် တစ်လျှောက်တွင် ကရင်–ဗမာ မုန်းတီးရေးပြဿနာ ဖြစ်နေ၏။ ဇူလိုင်လတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်အား ဗမာ့ကာကွယ်ရေး တပ်မတော်အဖြစ် ဖွဲ့စည်းသည်။ သခင်အောင်ဆန်း ခေါ် ဗိုလ်တေဇသည် ထို တပ်မတော်၏ ဗိုလ်ချုပ်ကြီး ဖြစ်လာရ၏။ ဗန်းမော်သို့ စစ်ကြောင်းချီသော ဗိုလ် မှူးကြီး ဇေယျနှင့် ဂျပန်စစ်ပုလိပ်များ မသင့်မတင့်ဖြစ်လျက် ဗိုလ်မှူးကြီးဇေယျကို ဂျပန်စစ်ပုလိပ်က ဖမ်းသည်။ ဤတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်က ဂျပန် ကို စတင်တော်လှန်ရန် ကြံသည်။ သို့ရာတွင် ဂျပန် ဆက်သွယ်ရေး အရာရှိ၏ ပါးနပ်မှုကြောင့် ဗိုလ်မှူးကြီးဇေယျအား ပြန်လွှတ်သည်။ မတော်လှန်ဖြစ်။ ထိုနှစ် တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ မုံရွာခရိုင် ယင်းမာပင်တွင် တွေ့သည်။ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအတွက် ပဏာမ ဆွေးနွေးသည်။ သခင် သိန်းဖေနှင့် ဗိုလ်ချုပ်အောင်ဆန်း ရွှေဘိုတွင် တွေ့သည်။ ဂျပန် စစ်ပုလိပ်ရန် ကြောင့် သခင်သိန်းဖေသည် သခင်တင်ရွှေနှင့်အတူ မြေအောက်ဆင်းခဲ့ရသည်။ ထိုမှတစ်ဆင့် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအဖွဲ့၏ကိုယ်စား ဗြိတိသျှနှင့် ဆက်သွယ် ရန် သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့သည် ကုန်းကြောင်းခရီးဖြင့် အိန္ဒိယပြည်သို့ သွားခဲ့၏။

၁၉၄၃ မတ်လ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဒေါက်တာ ဗမော်နှင့်အတူ ဂျပန်ဘုရင်အစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်ပြည် တိုကျိုမြို့ သို့ ထွက်ခွာခဲ့၏။ ဂျပန်ဝန်ကြီးချုပ် ဟီဒယ်ကီတိုကျိုက မြန်မာနိုင်ငံအား ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေး ပေးပါမည်ဟု ဗိုလ်ချုပ်အောင်ဆန်း အား ကတိစာချုပ် စာတမ်းပေး၏။ ထိုစာချုပ်စာတမ်းကို ဖိလစ်ပိုင်ကျွန်း မနီလာ ဟိုတယ်တွင် ဒေါက်တာဗမော်က မေ့ချန်ထားသဖြင့် တောင်ဗီယက်နမ်ပြည် ဆေးရုံ မြို့ ရောက်ခါမှ သတိရပြီး ထိုလွတ်လပ်ရေး ကတိစာချုပ်ကို မနီလာသို့ ပြန်ယူရ၏။ ၁၉၄၃ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က ဟန်ဆောင် လွတ်လပ်ရေးကို ပေး၏။


mgyoe.com

mgyoe.com  SAMPLE BOOK

အစိုးရအဖွဲ့တွင် ဒေါက်တာဗမော် (နိုင်ငံတော် အဓိပတိ)၊ သခင်မြ (ဒုတိယ ဝန်ကြီးချုပ်)၊ ဗိုလ်ချုပ်အောင်ဆန်း (ကာကွယ်ရေး ဝန်ကြီး)၊ သခင်သန်းထွန်း (လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး)၊ သခင်နု (နိုင်ငံခြားရေး ဝန်ကြီး) တို့ ပါဝင်ကြ၏။ ဗြိတိသျှ လျှို့ဝှက်တော်လှန်မှုအဖွဲ့ ၁၃၆ နှင့် ဗိုလ်ချုပ် အောင်ဆန်း အဆက်အသွယ်ရ၏။ လျှို့ဝှက်တော်လှန်မှုအဖွဲ့ ၁၃၆ နှင့် ဆက်သွယ် မှု ရရှိပြီးဖြစ်သော သခင်သိန်းဖေသည် အိန္ဒိယပြည်ရောက် မြန်မာပြည် စစ်ပြေး ဘုရင်ခံ ဒေါမန်စမစ်အား တွေ့ဆုံကာ "ဗမာပြည်တွင် ဘာဖြစ်ခဲ့သနည်း" ဆိုသော စာအုပ်ကို ထုတ်ဝေရန် တင်ပြသည်။ အဖွဲ့ ၁၃၆ ကို အက်စ်အိုအီးဟု ခေါ်သည်။ သခင်သိန်းဖေ တင်ပြသည့် စာအုပ်အခြေအနေနှင့် ပတ်သက်၍ ဆာဒေါမန်စမစ် ၏ မတ်လ ၁၈ ရက်နေ့တွင် မြန်မာပြည်ဆိုင်ရာဝန်ကြီး အင်မရီထံ စာရေးသည်။ ဂျပန် မသိမ်းသေးသည့် မြန်မာပြည် တောင်တန်းနယ်များကို ဗြိတိသျှအစိုးရ ကက်စဘီ စစ်အုပ်ချုပ်ရေးအောက်တွင် ထားသည်။

၁၉၄၄ ခု မတ်လ ၂၇ မြစ်ကြီးနား စစ်မျက်နှာတွင် ဝင်းဂိတ်၏ လေထီး တပ်များက ရတ်တရက် စစ်ဆင်ရေးများ ပြုလုပ်နေသည်။ ဩဂုတ်လ ၁ ရက်နေ့ ဂျပန်ပေးသော မြန်မာ့လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် တော်လှန်ရေး ခေါင်း ဆောင်များ စုစည်းကာ ဖက်ဆစ်ဂျပန်အား တော်လှန်ရန် အခိုင်အမာ ဆုံးဖြတ် ချက် ချသည်။ ကာကွယ်ရေးတပ်မတော်သည် တော်လှန်ရေး အင်အားစုများအား အကူအညီပေးရာ၊ ခိုလှုံရာ၊ အကာအကွယ်ပေးရာ ဌာနကြီးဖြစ်လာသည်။ မဟာ မိတ်တပ်များ ဖောင်းပြင်ကို နိုဝင်ဘာလ ၂၉ ရက်နေ့၌ သိမ်းသည်။ ဗန်းမော်သို့ ဒီဇင်ဘာလ ၁၄ ရက်၊ ဝန်းသိုသို့ ၁၉ ရက်နေ့ ရောက်သည်။

၁၉၄၅ ခု ဇန်နဝါရီလ ၇ ရက်နေ့တွင် ရွှေဘိုမြို့ကို သိမ်းမိသည်။ ဇန်နဝါရီ ၁၁ ရက် ဂန့်ဂေါ၊ ဇန်နဝါရီ ၂၇ ပေါက်၊ ဖေဖော်ဝါရီ ၁၈ ရက် ပခုက္ကူ၊ ပခုက္ကူ ပြီးနောက် မိတ္ထီလာကို မတ်လ ၄ ရက်နေ့တွင် သိမ်းသည်။ မတ်လ ၇ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တွင် ဂျပန်ကို တော်လှန်ရန် ဆွေးနွေးသည်။ မတ်လ ၁၆ ရက်နေ့တွင် ရွှေတိဂုံဘုရားရှေ့ စစ်ရေးပြကွင်းတွင် ဗမာ့ကာကွယ်ရေး တပ် မတော်သည် စစ်ရေးပြပြီးနောက် ရန်သူကို တိုက်ရန်ဟုဆိုကာ ဂျပန်များ ရှေ့ မှောက်မှပင် စစ်မြေပြင်သို့ ထွက်ခွာသည်။ မတ်လ ၂၀ ရက်နေ့တွင် ဗြိတိသျှက မန္တလေးမြို့ကို သိမ်းသည်။

ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကား ဗမာ့ကာကွယ်ရေး တပ်မတော် အမည်ပြောင်း ဗမာ့မျိုးချစ်တပ်မတော်က ဖက်ဆစ်ဂျပန်အား တော်လှန်ကြောင်း

 mgyoe.com

mgyoe.com
SAMPLE BOOK
အတိအလင်း ကြေညာလျက် စတင်တိုက်ခိုက်လေသည်။ မေလ ၁ ရက်နေ့တွင် ဗမာ့မျိုးချစ်တပ်မတော်က ရန်ကုန်မြို့ကို သိမ်းပိုက်သည်။ ထို မေလ ၁ ရက်နေ့ တွင်ပင် ဂျာမန်အာဏာရှင် ဟစ်တလာ သေဆုံးသည်။ မေလ ၇ ရက်နေ့တွင် အင်္ဂလိပ်ထံ ဂျာမန် လက်နက်ချသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ စစ်သေနာပတိ စလင်းတို့ တွေ့သည်။ ဇွန်လ ၂၀ ရက်နေ့တွင် ဆာဒေါ်မန်စမစ် ရန်ကုန်သို့ ရောက်လာပြီး "ကမ်းဘားလင်း" သင်္ဘောပေါ်တွင် မြန်မာပြည်ရှိ နိုင်ငံရေးခေါင်းဆောင် ၁၇ ဦးအား ခေါ်ကာ စက္ကူဖြူ စီမံကိန်းကို ထောက်ခံရန် ပြောသည်။ နိုင်ငံရေးသမားဟောင်းကြီးများက ထောက်ခံရန် သဘောတူသည်။ ဖ ဆ ပ လ ကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့ကမူ မထောက်ခံ။ စစ်အုပ်ချုပ်ရေး ချက်ချင်း ဖျက်သိမ်းပေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့က တောင်းဆိုသည်။ ဩဂုတ်လ ၆ ရက်နေ့ ဂျပန်ပြည် ဟီရိုရှီးမားမြို့ကို အမေရိကန်က အဏုမြူဗုံးကြဲသည်။ ဩဂုတ်လ ၈ ရက်နေ့တွင် ရုရှက ဂျပန်ကို စစ်ကြေညာပြီး မန်ချူးရီးယားကို ဝင်တိုက်သည်။ အမေရိကန်က နဂါးစကီးမြို့ကို နောက်တစ်ကြိမ် ဗုံးကြဲပြန်သည်။ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန် လက်နက်ချသည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန် အစည်းအဝေးပွဲကြီး ပြုလုပ်ကာ မြန်မာပြည်အား လွတ်လပ်ရေးပေးရန် ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးက တောင်းဆိုသည်။ စက်တင်ဘာလ၌ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဗမာ့မျိုးချစ်တပ်မတော် စစ်ခေါင်းဆောင် ၁၀ ဦးသည် ကန္ဒီမြို့ရှိ အရှေ့တောင်အာရှ စစ်ဦးစီးချုပ် လူးဝစ်မောင့်ဘက်တန်နှင့် တွေ့ဆုံကာ ဗမာ့မျိုးချစ်တပ်မတော် နောင်ရေးအတွက် ဆွေးနွေးသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းပြီး ဘုရင်ခံဆာဒေါ်မန်စမစ် အစိုးရ ရန်ကုန် ရောက်လာသည်။ နိုဝင်ဘာလတွင် ၃၅ ဦး ဥပဒေပြုအဖွဲ့၌ ပါဝင်ရန်အတွက် ဖ ဆ ပ လ အဖွဲ့ချုပ် ခေါင်းဆောင်များဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့အား ဆာဒေါ်မန်စမစ်က နေရာခေါ်၍ ပေးသည်။ သို့ရာတွင် ခေါင်းဆောင်ကြီး နှစ်ဦးက လက်မခံ။

၁၉၄၆ ခု မတ်လ ၂၇ နှစ်ဦး ဇန်နဝါရီလတွင် ခြိမ့်ခြိမ့်သဲ ရွှေတိဂုံဘုရားခြေရင်းတွင် ကျင်းပခဲ့သော ပြည်လုံးကျွတ် ဖ ဆ ပ လ ညီလာခံက နယ်ချဲ့တို့ကို တုန်လှုပ်စေသည်။

ထိုညီလာခံက ဗိုလ်ချုပ်အောင်ဆန်းအား ဖ ဆ ပ လ ဥက္ကဋ္ဌအဖြစ် ပြန်ရွေးသည်။ ထန်းတပင် ဆန္ဒပြပွဲ၌ လယ်သမား သုံးယောက်ကို စစ်ပုလိပ်က


mgyoe.com

mgyoe.com

SAMPLE BOOK

သေနတ်ဖြင့် ပစ်၍ သေ၏။ ထိုလယ်သမား သုံးယောက်၏ အသုဘကို ဖ ဆ ပ လ က ဦးစီးဦးရွက်ပြုကာ သဂြိုဟ်ခဲ့၏။ အသုဘတွင် ဗိုလ်ချုပ်အောင်ဆန်း တက်ရောက် မိန့်ခွန်းပြော၏။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့သို့ အရှေ့တောင်အာရှ စစ်ဦးစီးချုပ် မောင့်ဘက်တန် ရောက်လာသည်။ ဗြိတိသျှ အစိုးရက ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်သူ့ရဲဘော်များ ဗြိတိသျှအား တော်လှန် လိမ့်မည်ဟု အထင်ရှိနေ၏။ မောင့်ဘက်တန်က မြန်မာပြည် ဘုရင်ခံ ဒေါ်မန်စမစ် အား အိန္ဒိယဘုရင်ခံချုပ် ဝေဘဲလ်နှင့် အိန္ဒိယ သေနာပတိချုပ် အော့ချင်းလက် တို့၏ အမှာစကားကို ထိုနေ့မှာပင် အတွင်းစကား ပြောကြား၏။ ထိုအတွင်း စကားမှာ အခြားမဟုတ်။ အကယ်၍ မြန်မာပြည်တွင် ပြည်တွင်းပုန်ကန်မှု ဖြစ် လာပါက အိန္ဒိယစစ်တပ်ကို ပို့မပေးနိုင်ဟူသော စကားပင်ဖြစ်၏။ အိန္ဒိယစစ်တပ် ကို အသုံးပြုပါက အိန္ဒိယပြည်သူလူထုကြီးက အပြင်းအထန် ကန့်ကွက်ကြလိမ့် မည်ဟုလည်း ပြော၏။ ၁၉၃၉ ခု အိန္ဒိယပြည် ရမ်ဂါ ကွန်ဂရက်ကတည်းကပင် ဂန္ဒီ၊ ဂျဝါဟာလ်နေရူး၊ ဆူဘတ်စ်ဘို့စ် စသော အိန္ဒိယနိုင်ငံရေး ခေါင်းဆောင်ကြီး များနှင့် ဗိုလ်ချုပ်အောင်ဆန်းမှာ ရင်းနှီးပြီး ဖြစ်နေသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အရာရှိမဟုတ်သည့် ဗမာအမျိုးသား ၃၅ ဦးကို ဘုရင်ခံ တိုက်ရိုက် ခန့်အပ်သည့် ဥပဒေပြုကောင်စီ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပသည်။ ဘုရင်ခံ မိန့်ခွန်းပြောသည်။ ထိုကောင်စီဝင် လက်ဟောင်း နိုင်ငံရေးသမားကြီး များက ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖ ဆ ပ လ အဖွဲ့အား ပြစ်တင် ရှုတ်ချသည်။ ဂျပန်ခေတ် အုပ်ချုပ်ရေးကို ကိုင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင် ဂျပန်ပြန် သခင် ထွန်းအုပ်သည် ထိုဘုရင်ခံ ခန့်အပ်သည့် ကောင်စီဝင်လူကြီး ဖြစ်၏။ ထိုနေ့ အစည်းအဝေးတွင် သခင်ထွန်းအုပ်က ဗိုလ်ချုပ်အောင်ဆန်းအား လူသတ်မှု ကျူး လွန် ထားသူဖြစ်ကြောင်း စွပ်စွဲပြောဆို၏။ သခင်ထွန်းအုပ်က 'မိမိသည် ဂျပန် များ မြန်မာပြည်သို့ ဝင်လာစဉ် အောင်ဆန်း ဦးစီးသော ဘီအိုင်အေတပ်များနှင့် အတူ နောက်မှ လိုက်လာသည်။ သထုံမြို့အနီး ရွာတစ်ရွာအရောက်တွင် ရွာ သူကြီးက ဂျပန်နှင့် ဘီအိုင်အေတပ်ကို ခုခံကြသည်။ ထိုရွာသူကြီးသည် ကုလား ဖြစ်သည်။ ထိုရွာသူကြီးအား ဗြိတိသျှနှင့် ပူးပေါင်းကာ ဂျပန်များအား ဆန့်ကျင် ခုခံရန် ရွာသားများကို လှုံ့ဆော်မှုဖြင့် စစ်ခုံရုံးက သေဒဏ်ပေး၏။ ရွာသူကြီးကို အောင်ဆန်းကိုယ်တိုင် ဓားဖြင့် ခုတ်သည်။ ပွဲချင်းပြီး မသေသဖြင့် တပ်မတော် သား တစ်ယောက်ကို အသေသတ်ရန် အောင်ဆန်းကိုယ်တိုင် အမိန့်ပေးသည်။ ထိုလူသတ်မှုကြောင့် အောင်ဆန်းအား ဖမ်းသင့်ပါသည်' ဟု ဆိုသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

'ထိုလူသတ်မှုအတွက် မိမိက မျက်မြင်သက်သေအဖြစ် အောင်ဆန်းအား တရားစီရင်သည့်အခါတွင် အစိုးရသက်သေ လိုက်ပါမည်' ဟုလည်း သခင်ထွန်းအုပ်က ဆိုသေး၏။ သခင်ထွန်းအုပ်ကား သခင်ဗစိန် ဦးစီးသော တို့ဗမာအစည်းအရုံးဝင် ဖြစ်၏။ ဤစွပ်စွဲချက်သည် တစ်ကမ္ဘာလုံး ပျံ့နှံ့ခဲ့၏။

ထိုစွပ်စွဲချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းသင့် မဖမ်းသင့် ဆိုသော ပြဿနာသည် ဗြိတိသျှအရာရှိကြီးများ၏ ဦးနှောက်ကို မီးတောက်စေတော့၏။ ရှုပ်ထွေးစေတော့၏။ ထိုစွပ်စွဲချက်နှင့် ပတ်သက်၍ အရေးယူရန် မတ်လ ၂၇ ရက်နေ့တွင် ဘုရင်ခံ၏အိမ်တော်တွင် စစ်ဘက်၊ နယ်ဘက်၊ ရဲဘက်အရာရှိတို့ စည်းဝေးကြလေသည်။ အစည်းအဝေးတွင် ပုလိပ်မင်းကြီး မစ္စတာချက်တဲလ်က ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းရန် သဘောမတူ။ စီအိုင်ဒီအဖွဲ့ အကြီးအကဲ မစ္စတာအောကလည်း သဘောမတူ။ အောင်ဆန်းအား ဖမ်းလျှင် တိုင်းပြည်၌ ပုန်ကန်ထကြွမှု ကေန်ဖြစ်မည်ဟု ၎င်းတို့က ဆိုကြ၏။ စစ်ဘက်ဆိုင်ရာ မြန်မာပြည် သေနာပတိ ဂျင်နရယ် ဘရစ်ကလည်း ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းရန် မဖြစ်ဟု ပြောဆို၏။ နောက်ဆုံး မည်သို့မျှ မဆုံးဖြတ်နိုင်ခဲ့။ ဖြစ်ကြောင်းကုန်စင်ကိုသာ ဗြိတိသျှအစိုးရထံ အကြောင်းကြားရတော့သည်။ ဧပြီလထဲတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းရန် ဗြိတိသျှထံမှ သံကြိုးစာ ရ၏။ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းရန် ပုလိပ်မင်းကြီးကို ဘုရင်ခံ ဒေါမန်စမစ်က အမိန့်ပေး၍ ဝရမ်းထုတ်စဉ် နောက်ထပ် သံကြိုးတစ်စောင်က မဖမ်းရန် ရောက်လာ၏။ သို့ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းအား မဖမ်းခဲ့ရတော့ပေ။ နိုင်ငံရေးကွဲလွဲသဖြင့် ဖ ဆ ပ လ အတွင်းရှိ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲ၏။ သခင်သန်းထွန်းက တစ်ဖက်၊ သခင်စိုးက တစ်ဖက် ဖြစ်သည်။ စက်တင်ဘာလတွင် အထွေထွေသပိတ်ကြီး ပေါ်လာ၏။ ပုလိပ်က အစ စာရေးစာချီများပါမကျန် အုံကြွ သပိတ်မှောက်မှုကြောင့် ဆာပေါ်ထွန်းအစိုးရ ပြုတ်ကျသည်။ ဘုရင်ခံအသစ် ဟူးဘတ်ရန့်စ် ရောက်လာ၏။ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံသစ် ဟူးဘတ်ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဖ ဆ ပ လ ခေါင်းဆောင်များကို ခေါ်ယူကာ အစိုးရ ဖွဲ့ခိုင်းသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အတိုင်ပင်ခံ အမှုဆောင်အဖွဲ့တွင် ဒုတိယ သဘာပတိ နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီး ဖြစ်လာ၏။ တစ်ဖက်က ဖ ဆ ပ လ အား အစိုးရအဖွဲ့ကို ဦးဆောင် ဖွဲ့ခိုင်းသော်လည်း တစ်ဖက်ကမူ ဘုရင်ခံ ဟူးဘတ်ရန့်စ်သည် ဖ ဆ ပ လ အဖွဲ့ချုပ်နှင့် ဆန့်ကျင်ဘက် ဂိုဏ်းသားများ ဖြစ်ကြသော တို့ဗမာအစည်းအရုံးမှ သခင်ဗစိန်နှင့် မျိုးချစ်ပါတီမှ ဂဠုန်ဦးစော


mgyoe.com

mgyoe.com

SAMPLE BOOK

တို့ကို မိမိသဘောအလျောက် အတိုင်ပင်ခံ အမှုဆောင်အဖွဲ့တွင် ထည့်သွင်းခဲ့သည်။ ဖ ဆ ပ လ အဖွဲ့ကြီးက ဘုရင်ခံ၏အတိုင်ပင်ခံ အမှုဆောင်အဖွဲ့ထဲသို့ ဝင်ရောက်ဆောင်ရွက်ခြင်း ကိစ္စနှင့် ပတ်သက်၍ ဖ ဆ ပ လ အဖွဲ့ချုပ်နှင့် ကွန်မြူနစ်ပါတီတို့ နိုင်ငံရေးသဘော ကွဲလွဲကြသည်။ နိုင်ငံရေးသဘော ကွဲလွဲရာမှ အဖွဲ့အစည်းလိုက် တိတိလင်းလင်း ကွဲသွားခဲ့ပေသည်။ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကောင်စီအဖွဲ့သည် မြန်မာနိုင်ငံအား အချုပ်အခြာအာဏာပိုင် လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ထူထောင်ရန် အခြေခံဥပဒေ ရေးဆွဲနေပြီဖြစ်ကြောင်း ကြေညာသည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိသျှ နန်းရင်းဝန်ကြီး အက်တလီသည် ဗြိတိသျှပါလီမန်တွင်း၌ ဗြိတိသျှ ဘုရင့်အစိုးရက မြန်မာပြည် ကောင်စီမှ ကိုယ်စားလှယ်များကို လက်ခံလျက် အချုပ်အခြာ အာဏာပိုင်နိုင်ငံ ထူထောင်ရေးကိစ္စ ဆွေးနွေးရန် အဆင်သင့်ရှိပါပြီဟု ကြေညာသည်။

၁၉၄၇ မတ်လ ၂၇၊ ဗြိတိသျှ နန်းရင်းဝန် အက်တလီ၏ ပါလီမန်တွင်း ပြောကြားချက်အရ ၁၉၄၇ ခု ဇန်နဝါရီလ ၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့သည် လန်ဒန်သို့ လေယာဉ်ဖြင့် ထွက်ခွာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဦးတင်ထွဋ်၊ သခင်မြနှင့် ဦးစောတို့လည်း လိုက်ပါခဲ့သည်။ ဗြိတိသျှအစိုးရနှင့် သဘောတူညီချက်ရကာ "အောင်ဆန်း-အက်တလီ" စာချုပ်ကို ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ် ရေးထိုးလိုက်သည်။ ဦးစော တစ်ယောက်သာ လက်မှတ်မထိုးဘဲ နေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်သည် စိတ်ဝင်စားဖွယ်လည်း ကောင်း၏။ အောင်ဆန်း-အက်တလီစာချုပ်အရ ဗြိတိသျှ ကိုလိုနီများက ဖ ဆ ပ လ အဖွဲ့ချုပ်ကို မြန်မာနိုင်ငံ၏ ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့ခွင့်ပြုသည်။ ဒိုမီနီယံအစိုးရ၏ အာဏာများကိုလည်း အပ်နှင်းသည်။ မြန်မာနိုင်ငံ၌ တပ်စွဲထားသော ဗြိတိသျှ မဟာမိတ်တပ်များကို ရုပ်သိမ်းပေးပါမည်ဟုလည်း ဆိုသည်။ ရုပ်သိမ်းဆဲ ကြွင်းကျန်သော တပ်များကို ဖ ဆ ပ လ ကြားဖြတ်အစိုးရက အုပ်ချုပ်ခွင့်ပြုပါမည်လည်း ဆို၏။ မြန်မာနိုင်ငံသို့ ပေါင် ၇ သန်းချေးပါမည်ဟူသော အာမခံချက်လည်း ပေးသည်။ ၉၁ ဌာန အုပ်ချုပ်ရေး စည်းကမ်းဖြင့် တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ဆိုနိုင်ရေးကိုလည်း ဗြိတိသျှ လေဘာအစိုးရက သဘောတူသည်။ မြန်မာပြည်နှင့် သီးခြား အုပ်ချုပ်သော တောင်တန်းဒေသများ ကိစ္စတွင် တောင်တန်းသားများကသာ ဆုံးဖြတ်ခြင်း ရှိစေရမည်ဟု ဗြိတိသျှအစိုးရက အာမခံချက်ပေးသည်။ ထိုအာမခံချက်ကြောင့်ပင် ပင်လုံကွန်ဖရင့်သည် ဖြစ်ပေါ်ခဲ့ရသည်။ ပင်လုံကွန်ဖရင့်တွင် ကရင်မှအပ ကျန်ကိုယ်စားလှယ်များက


mgyoe.com

mgyoe.com SAMPLE BOOK
ပြည်မနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း ညီညာဖြဖြ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးကြသည်။ ၁၉၄၇ ခု မတ်လကား ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြု ပြည်ပြု လွှတ်တော်တွင် မိမိ ဖ ဆ ပ လ အမတ်များ အနိုင်ရရှိရေးအတွက် ကြိုးပမ်းသောကာလ ဖြစ်၏။ ဧပြီလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပသည်။ ဦးစောနှင့် ဒေါက်တာဗမော်တို့က ရွေးကောက်ပွဲကို သပိတ်မှောက်ကြသည်။ ဖ ဆ ပ လ ကိုယ်စားလှယ် ၁၀၀ စလုံး အရွေးခံရသည်။ ဇွန်လ ၁၀ ရက်နေ့တွင် အခြေခံ စည်းမျဉ်း ရေးဆွဲရေး လွှတ်တော်အစည်းအဝေး ကျင်းပသည်။ သခင်နု လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာသည်။ ဇွန်လ ၁၁ ရက်နေ့တွင် လွှတ်တော်က မြန်မာနိုင်ငံသည် ဗြိတိသျှ ဓနသဟာယ ပြင်ပ၌ သမ္မတနိုင်ငံ ထူထောင်ရန်အဆိုကို အတည်ပြုသည်။ ဇွန်လ ၂၃ ရက်နေ့တွင် သခင်နု ခေါင်းဆောင်သော မစ်ရှင်အဖွဲ့တစ်ဖွဲ့သည် ဗြိတိန်ပြည်သို့ ထွက်ခွာသည်။ ထွက်ခွာရသည့် အကြောင်းရင်းမှာ မြန်မာပြည်သည် ဗြိတိသျှ ဓနသဟာယနိုင်ငံအဖြစ်မှ ထွက်တော့မည်ဖြစ်ကြောင်း အစီရင်ခံရန်ဖြစ်၏။ ထိုအဖွဲ့သည် မြန်မာပြည်သို့ ဇူလိုင်လအတွင်း ပြန်ရောက်သည်။ ထိုအဖွဲ့ ပြန်ရောက်၍ မကြာမီ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခြင်းခံရသည်နှင့် တစ်ပြိုင်နက် ဘုရင်ခံ ဟူးဘတ်ရန့်စ်က ဖ ဆ ပ လ ဒု-ဥက္ကဋ္ဌ သခင်နုအား ခေါ်ကာ အစိုးရကို ခေါင်းဆောင်ခိုင်းသည်။ ဩဂုတ်လတွင် "လက်ကျာ-ဖရီးမင်း" စစ်ရေးစာချုပ်ကို ချုပ်ဆိုသည်။ ထိုစာချုပ်သည် ဗြိတိန်-မြန်မာကာကွယ်ရေး စာချုပ်ဟုလည်း အမည်တွင်သည်။

ထိုစာချုပ်ပါ အနှစ်သာရများအရ မြန်မာပြည်သည် လွတ်လပ်သည့်တိုင် စစ်ရေးတွင် ဗြိတိသျှ လက်အောက်ခံသဘောမျိုး ဖြစ်နေသေး၏။ အောက်တိုဘာ ၁၇ ရက်နေ့တွင် နိုင်ငံရေးစာချုပ်ကို သခင်နုနှင့် ဗြိတိသျှနန်းရင်းဝန် အက်တလီတို့ စာချုပ် ချုပ်ဆိုကြပြန်သည်။ နု-အက်တလီ စာချုပ်မည်၏။ ထိုစာချုပ်အရ ဗြိတိသျှက ၁၉၄၈ ခု ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် သဘောတူခဲ့သည်။

၁၉၄၈ ခု မတ်လ ၂၇ သည်ကား "ကြက်ဥနှစ်ရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်ဟု" ဆိုရမည်ကဲ့သို့ပင် ဖြစ်နေသည်။ ထိုနှစ် နှစ်ဆန်း ဇန်နဝါရီ ၄ ရက်နေ့တွင် နု-အက်တလီစာချုပ်အရ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံ ဖြစ်လာရသည်။ ထိုနေ့မှာပင် မြန်မာပြည်၏


mgyoe.com

mgyoe.com

SAMPLE BOOK

နောက်ဆုံး ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် မြန်မာပြည်မှ ထွက်ခွာသည်။ လွတ်လပ်ရေးပင် ရသော်လည်း ၁၉၄၆ ခု စက်တင်ဘာလ ၂၆ ရက်နေ့ ဘုရင်ခံ၏ အတိုင်ပင်ခံ အမှုဆောင်အဖွဲ့ ဒုတိယ သဘာပတိနေရာကို ဖ ဆ ပ လ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်အောင်ဆန်း ယူစဉ်ကပင် နိုင်ငံရေးအယူအဆ သဘောကွဲလွဲခဲ့သော ကွန်မြူနစ်ပါတီသည် ထိုလွတ်လပ်ရေးကို စစ်မှန်သော လွတ်လပ်ရေးဟု မမြင်။ အတုအယောင်ဟုသာ မြင်၏။ တကယ်တော့လည်း လက်ကျာဖရီးမင်း စစ်ရေးစာချုပ်အရ ဗြိတိသျှ ဓနသဟာယနိုင်ငံမှ တပ်များသည် မြန်မာနိုင်ငံသို့ အချိန်မရွေးဝင်ထွက်သွားလာနိုင်ပေသည်။ ထိုစာချုပ်အရ မြန်မာနိုင်ငံတွင် ဗြိတိသျှ ဓနသဟာယဝင် နိုင်ငံများ၏ စစ်မစ်ရှင်များမှအပ အခြားသောနိုင်ငံများ စစ်မစ်ရှင်များ ထားခွင့်မရှိပေ။ ကွန်မြူနစ်များက ဤသည်ကို ထောက်ပြကြ၏။ စစ်ရေးစာချုပ်ကဲ့သို့ပင် နိုင်ငံရေးစာချုပ်ဖြစ်သည့် နု-အက်တလီ စာချုပ်ကလည်း အနှောင်အဖွဲ့ တင်းလွန်းပြန်၏။ ထိုစာချုပ်အရ မြန်မာနိုင်ငံရှိ ဗြိတိသျှ ကိုလိုနီထုတ်လုပ်ငန်းများ၊ ငွေပင်ငွေရင်း မြှုပ်နှံမှုများ၊ အကျိုးစီးပွားများကို ထိန်းသိမ်း စောင့်ရှောက်ရန် မြန်မာတို့က တာဝန်ယူရ၏။ ထိုဗြိတိသျှ ကိုလိုနီ အကျိုးစီးပွားများကို ဗြိတိသျှအစိုးရက သဘောမတူဘဲ လွတ်လပ်သောမြန်မာအစိုးရက ဘာမျှ မလုပ်နိုင် ဟူသော အချက်သည် စာချုပ်၏အနှစ်သာရပိုင်း ဖြစ်၏။ စစ်ရေးအရလည်း မလွတ်လပ်၊ စီးပွားရေးအရလည်း မလွတ်လပ်သော အချုပ်အခြာအာဏာသည် ရယ်စရာပင် ဖြစ်တော့၏။ ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီသည် ထိုလွတ်လပ်ရေးကို အသိအမှတ်မပြုဘဲ ကန့်ကွက်၏။ ၁၉၄၈ ခု မတ်လ ၂၇ ရက် ညကား မြန်မာပြည် အနာဂတ်အတွက် ရင်လေးဖွယ်ကာလ ဖြစ်၏။ အကြောင်းဆိုသော် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုရန် အစပျိုးသောည ဖြစ်သောကြောင့်တည်း။

ကြက်ဥကို အပြင်အပမှ မြင်ခါမျှနှင့် ထိုကြက်ဥအတွင်းရှိ အနှစ်ကို ဖြူမည်၊ ဝါမည်၊ မည်းမည်၊ ညိုမည် မသိနိုင်သကဲ့သို့ပင် တိမ်တောင်တိမ်လိပ်၏ အသွင်သဏ္ဌာန်ကို မြင်ခါမျှဖြင့် ထိုတိမ်သည် ဖြူမည်၊ ဝါမည်၊ မည်းမည်၊ ညိုမည် စသည်တို့ကို မသိနိုင်ခဲ့။ အပြောင်းအလဲသည် မြန်လှ၏။ ဖြူမလိုနှင့် ဝါ၏။ ဝါမလိုနှင့် မည်း၏။ မည်းမလိုနှင့် ညို၏။ ညိုမလိုနှင့် ဖြူ၏။ ဤသို့ပင် မင်းရေးမင်းရာကား ကျယ်ဝန်းလှပါဘိ၏။ အသိလည်း ခက်ပါဘိ၏။ တစ်ချိန်တစ်ခါက မြန်မာ့ရန်သူ ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်လျက် ကိုလိုနီဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကို အတူတကွ လုပ်ဆောင်ခဲ့ကြသော ရဲဘော်ရဲဘက်တို့သည်


mgyoe.com

mgyoe.com
SAMPLE BOOK

နိုင်ငံရေးရာ သဘောတရားရေး ကွဲလွဲမှုများကြောင့် စတုတ္ထ မြန်မာနိုင်ငံကြီး မတည်ထောင်နိုင်မီ ဝါးအစည်းပြေသကဲ့သို့ ပြေခဲ့ရ၏။ ဝမ်းနည်းဖွယ် ကောင်းလေစွ။

မြန်မာနိုင်ငံရေးသမိုင်းတွင် ထိုမတ်လ ကျရောက်ပြီဆိုလျှင် ထူးထွေသော အကြောင်းအရာတို့သည် ပေါ်ပေါက်တတ်၏။ အထူးသဖြင့် ထိုမတ်လတွင် ဗိုလ်ချုပ်အောင်ဆန်း ကြုံခဲ့ရသည့် အကြောင်းအရာတို့က စိတ်ဝင်စားဖွယ် ကောင်း၏။ ၁၉၄၁ ခု မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်ပြည်သို့ ဒုတိယအကြိမ် ရောက်သွားသကဲ့သို့ တစ်ဖန် ၁၉၄၃ ခုနှစ် မတ်လ ၂၇ တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံသို့ အကြိမ် ၈၀ မြောက် နီပွန်အင်ပီရီရယ်ဒိုင်ယက် လွှတ်တော်အစည်းအဝေးအမီ သွားခဲ့ပေသည်။

တစ်ဖန် ၁၉၄၅ ခု မတ်လ ၂၇ တွင် ဖက်ဆစ်ဂျပန်များအား တော်လှန်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ကြေညာရပြန်သည်။

၁၉၄၆ ခု မတ်လ ၂၇ တွင်ကား ဗိုလ်ချုပ်အောင်ဆန်းအား လူသတ်မှုနှင့် ဖမ်းရန် ဗြိတိသျှစစ်ဘက်၊ နယ်ဘက်၊ ရဲဘက်အရာရှိများ ဘုရင်ခံ အိမ်တော်တွင် ဆွေးနွေးတိုင်ပင်ကြ၏။

ထို မတ်လ ၂၇ တို့တွင် ၁၉၄၈ ခု၏ မတ်လ ၂၇ သည်ကား အနာဂတ် ဗမာပြည်အတွက် ရင်လေးဖွယ် မတ်လ ၂၇ ဖြစ်ခဲ့၏။ ထိုနေ့သည် တတိယအကြိမ်မြောက် တော်လှန်ရေး နှစ်ပတ်လည်နေ့ ဖြစ်သည့်အားလျော်စွာ တော်လှန်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီသည် အနယ်နယ်အရပ်ရပ်တွင် တော်လှန်ရေးနေ့ ကျင်းပကာ မြန်မာပြည် လွတ်လပ်ရေးနှင့် ပတ်သက်၍ မိန့်ခွန်းတို့ကို ကွန်မြူနစ်ပါတီ ခေါင်းဆောင်အသီးသီးက ပြော၏။ ထိုမိန့်ခွန်းတို့တွင် မြန်မာပြည် ရရှိသော လွတ်လပ်ရေး မစစ်မမှန်ကြောင်း အကျယ်တဝင့် ပါလာ၏။ ဖ ဆ ပ လ အစိုးရ ဆန့်ကျင်ရေး မိန့်ခွန်းများလည်း ပါလာ၏။ ထိုအကြောင်းအရာများကြောင့် ဖ ဆ ပ လ အစိုးရက ကွန်မြူနစ် ခေါင်းဆောင်များအား ဖမ်းရန် တာစူ၏။ ထိုတာစူချက်ကြောင့်ပင် မတ်လ ၂၇ ၏ နောက်တစ်နေ့၌ ဗမာပြည် ကွန်မြူနစ်ပါတီ တောခိုခဲ့ရလေသည်။

ဤသည်တို့ကား မြန်မာနိုင်ငံ၏ကြမ္မာကို ဖန်တီးခဲ့သော မတ်လ ၂၇ တို့၏ ဖြစ်ရပ်သမိုင်းစဉ်တို့ သာတည်း။


mgyoe.com

mgyoe.com

SAMPLE BOOK

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်း ဖြစ်စဉ်ဖြစ်ရပ်တို့တွင် မတ်လသည် ဤမျှ လောက်နှင့် ရပ်နားမနေသေး။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ အစိုးရ တက် လာခဲ့ပြန်၏။

၁၉၆၃ ခု မတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ပေါ်ရှိ အရင်းရှင်ပိုင် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများကို တော်လှန်ရေး အစိုးရက ပြည်သူပိုင် သိမ်းခဲ့၏။ အကယ်၍သာ ၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးအစိုးရ သာ မတက်လာခဲ့လျှင် နု–အက်တလီစာချုပ်အရ ပြည်သူပိုင် သိမ်းနိုင်လိမ့်မည် မဟုတ်။ ယင်းစာချုပ်ပါ ဗြိတိသျှ အကျိုးစီးပွားကို ဗြိတိသျှအစိုးရ သဘောမတူ ဘဲ လွတ်လပ်သော မြန်မာအစိုးရက ဘာမျှမလုပ်နိုင်ဟူသော အချက်သည် ပြည်သူ ပိုင် လုပ်ငန်းကို နှောင့်ယှက်ကောင်း နှောင့်ယှက်လိမ့်မည် ဖြစ်၏။ ယခုသော်မူ ယင်းစာချုပ် ချုပ်ဆိုခဲ့သောပုဂ္ဂိုလ်ကြီးတို့၌လည်း အာဏာမရှိလေပြီ။ ယင်းစာချုပ် လည်း ပျက်လေပြီ။ မြန်မာနိုင်ငံ၏ စီးပွားရေးလည်း လွတ်လပ်လေပြီ။

ဤမြောက်မြားလှသော မတ်လဖြစ်ရပ်တို့ကို အစဉ်တစိုက် လေ့လာ ထားသူများအဖို့ သိရှိကြပြီး ဖြစ်ပေမည်။

သို့ရာတွင် ဤဖြစ်ရပ်များအတွင်းမှ ပေါက်ဖွားခဲ့သော ဗမာ့ ဘီအိုင်အေ စစ်သားကလေးတစ်ဦးနှင့် စကောကရင် လုံမပျိုကလေးတစ်ဦးတို့၏ ဖြစ်ရပ်ကိုမူ သိသူ နည်းပါးလှပေမည်။

သည် လူသိနည်းပါးလှသည့် ဖြစ်ရပ်ကလေးကို မတ်လ၏ ဖြစ်ပျက်ခဲ့ သော အဖြစ်အပျက်ကြားမှ ဆွဲထုတ်ကာ ဇာတ်စင်ပေါ်တွင် မီးမောင်း ဆလိုက် ကြီးများ ထိုးပြသကဲ့သို့ ထိုးပြလိုပါ၏။

သည်ဖြစ်ရပ်ကလေးမျိုးပေါင်း များစွာသည် နိုင်ငံနှင့်အဝန်း (အထူးသဖြင့် ကရင်နှင့် ဗမာများ အများစု ရောယှက် နေထိုင်ရာ မြစ်ဝကျွန်းပေါ်ဒေသတွင်) ဖြစ်ကြလိမ့်မည် ထင်၏။

သည်ဖြစ်ရပ်ကလေးသည် ကြည်နူးစရာလည်း ကောင်း၏။ ဝမ်းနည်းစရာ လည်း ကောင်း၏။ ကြေကွဲစရာလည်း ကောင်း၏။ နောင် အနာဂတ်အတွက် သင်ခန်းစာ ယူစရာလည်း ကောင်း၏။

သည်ဖြစ်ရပ်ကလေးကို စိတ်ဝင်စားမည်ဆိုပါလျှင် ရွက်ဝါကြွေ နွေအကူး လေရူးဟေ့သည့် နွေဦးရှခင်းကိုလည်း စိတ်ဝင်စားရဦးမည် ဖြစ်ပါ၏။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စကောကရင်မကလေးများ ရည်းစားထားတဲ့အခါ
'ကနဲ၊ အိုအလော်၊ ဖောဲ၊ အဲလော်'
(ပျားကောင်ရှိရာ ပန်းပွင့်က လာရပါတယ်ရှင်)
ဟု ပြောမည် မထင်ပါ။

ကနဲ=ပျားကောင်ရှိရာ၊ ဖော=ပန်းပွင့်လာသည် ဆိုသည်မှာလည်း၊
'အလူးအလာ' ထုံးစံဓလေ့ မဟုတ်ပါ။

'နမူးခါး၊ ဖောမူနား၊ နဲမူး'
(ညမွေးပန်းသည် ညမှာပဲ သင်းထုံသည်။)

'ဖော၊ အိုအလော်၊ ကနဲ၊ ဟဲလော်'
(ပန်းပွင့်ရှိရာ ပျားကောင်သာ လာရသည်။)

ဒါတွေသည်ပင် 'အလူးအလာ' အစဉ်အလာထုံးစံ ဖြစ်သည်။
လှပသော မေတ္တာဇာတ်လမ်းတစ်ပုဒ် စ ခြင်း ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# [ ၁ ]

ရွက်ဝါကြွေ လေပြည်မူး နွေအကူး လေရူးဟေ့ဆဲ ၁၉၄၅ ခု မတ်လထဲတွင် ဤ အစ မမည်သော အစ သည် စတင်ခဲ့ပါ၏။

မတ်လထဲတွင် ဆိုရခြင်းထက် မတ်လ ၁၆ ရက်နေ့တွင်ဟု ဆိုရလျှင် ပို၍ မှန်ကန်တိကျမည် ဖြစ်ပေသည်။

နွေကာလ မတ်လပင်ဆိုရငြားသော်လည်း အိန္ဒိယပြည် ကာလကတ္တားမြို့မှ မိုင် ၈၀ အကွာတွင်ရှိသော ဂျက်ဆိုမြို့ကလေး၏ ညချမ်းမှာ နွေည သရုပ်ကို မဆောင်လေ။

နှင်းတို့က ဝေ့ဆိုင်းနေသည်။ နှင်းဆိုခြင်းထက် မြူဟုဆိုက ပိုမှန်မည်လား မသိ။

ည ၈ နာရီအချိန်ခန့်ပင် ရှိသေးသော်လည်း ထက်ဝက်ခန့်ရှိသော လ ထက်ခြမ်းကို နှင်းမြူကြားမှ မှုန်ရီမှုန်ဝါး မြင်ရပေသည်။

ပတ်ဝန်းကျင်ကို ကြည့်မည်ဆိုလျှင် မည်သည့်နည်းနှင့်မျှ နွေဟု ဆိုစရာအကြောင်းမရှိ။ သို့သော် သင်းထုံနေသော တမာပန်းရနံ့များကသာ နွေပါကလားဟု ပြောဆိုနေသလို ရှိ၏။ တမာသည် နွေပန်းပင် မဟုတ်ပါလား။

ဂျက်ဆိုလေယာဉ်ကွင်းသည် အပြင်ပန်းအားဖြင့် ကြည့်လျှင် မှုန်ရီမှုန်ဝါး လရောင်အောက်တွင် ငြိမ်သက်နေသလို ရှိသော်လည်း အတွင်းသဏ္ဌာန်၌ကား ဤသို့မဟုတ်။ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

နောက် ၅ နာရီထက်မပိုသော အချိန်တွင် မြန်မာပြည်မြေပြင်သို့



mgyoe.com

mgyoe.com SAMPLE BOOK

လေထီးဖြင့် ဆင်းကြရမည့် အမှတ် ၁၃၆ ဗြိတိသျှ လျှို့ဝှက် တော်လှန်မှု အဖွဲ့ဝင်များသည် မိမိတို့နှင့်အတူ ယူဆောင်သွားမည့် ရွှေဒင်္ဂါး၊ အင်္ဂလိပ်ငွေအချို့၊ ဂျပန်စက္ကူ၊ ဘိန်း၊ လက်နက်၊ ဝိုင်ယာလက်စက်တို့ ပြည့်စုံမပြည့်စုံ စစ်ဆေးကြည့်ရှုရင်း လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

ဤသို့လှုပ်ရှားနေသော အမှတ် ၁၃၆ ဗြိတိသျှ လျှို့ဝှက်တော်လှန်မှု အဖွဲ့ဝင်များတွင် မြန်မာနိုင်ငံမှ မျိုးချစ်တော်လှန်ရေးသမား နှစ်ဦးလည်း ပါဝင်နေ၏။

တစ်ဦးက မင်းလွင်။

နောက်တစ်ဦးက စောဂျိုးဇက်။

သူတို့သည် နောက် ၅ နာရီကြာတွင် ဗြိတိသျှလူမျိုး စစ်အရာရှိတစ်ဦးဖြစ်သည့် မစ္စတာဖီးလစ်နှင့်အတူ မြန်မာပြည်မြေပြင်သို့ လေထီးဖြင့်ဆင်းသက်ရမည် ဖြစ်၏။

မြေပြင်သို့ ရောက်သောအခါ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ဌာနကြီးမှူးတစ်ဦးဖြစ်သူ အဲရစ်ဘတ်တားစဘိုင်းက ရှင်းပြပြီးဖြစ်လေသည်။

သူတို့သုံးဦး၏ တာဝန်မှာ မြစ်ဝကျွန်းပေါ် မအူပင်ခရိုင်အတွင်းသို့ဆင်းသက်ကာ ဂျပန်ဆန့်ကျင်ရေးသမားနှင့် အဆက်အသွယ်ယူပြီး ဂျပန်များကို တိုက်ခိုက်ရန် ပြောက်ကျားတပ်များ ဖွဲ့ဖို့ပင်ဖြစ်၏။ အထူးသဖြင့် သူတို့ ယူရမည့်တာဝန်မှာ ကရင်ပြောက်ကျားတပ်များ ဖွဲ့ရန်သာတည်း။

'အဆင်သင့် ဖြစ်ကြပြီလား'

ဗြိတိသျှ စစ်အရာရှိတစ်ယောက်က လှုပ်လှုပ်ရွရွဖြင့် အလုပ်ရှုပ်နေကြသော ၎င်းတို့သုံးဦးကို ကြည့်ရင်း အင်္ဂလိပ်လို မေးသည်။

'အိုကေ'

ဗြိတိသျှ စစ်အရာရှိဖြစ်သူ မစ္စတာဖီးလစ်က ဖြေ၏။ ထိုအခါ မေးလာသော ဗြိတိသျှ စစ်အရာရှိသည် လှည့်ပြန်သွားသည်။

မကြာမီ ငြိမ်သက်နေသော ဂျက်ဆို လေယာဉ်ကွင်း တစ်ကွင်းလုံး ဆူညံလာ၏။ "လေဒီဂျိမ်း" အမည်ရှိ လိုက်ဘာရေးတား လေယာဉ်ပျံကြီး စက်နှိုးလိုက်သံကြောင့်တည်း။


mgyoe.com

'ကဲ.... သွားကြစို့'

သူတို့သုံးဦးတွင် ခေါင်းဆောင်ဖြစ်သည့် ဗြိတိသျှ စစ်အရာရှိ မစ္စတာ ဖိုးလစ်က ပြောပြီးနောက် သူတို့သုံးဦးသည် လိုက်ဘရေးတား လေယာဉ် ကြီး ရှိရာသို့ တရွေ့ရွေ့ လှမ်းလာကြသည်။

သူတို့သုံးဦးသည် ၁၃၆ နံပါတ်တပ်မှ ဦးစီးဖွင့်ထားသော အက်(စ်) အီးအိုင် ကျောင်းတွင် လက်နက်ကိုင်နည်း၊ ပစ်ခတ်နည်း၊ သတင်းယူနည်း၊ လျှို့ဝှက်စာရေးနည်း၊ ဖောက်ခွဲဖျက်ဆီးနည်း၊ မြေပုံဖတ်နည်း၊ အချက်ပြ ဆက်သွယ်နည်းတို့ကို စနစ်တကျ သင်ကြား တတ်မြောက်ပြီးကြသူများ ဖြစ်၏။

အချက်ပြ ဆက်သွယ်နည်းကိုမူ သူတို့သုံးဦးသည် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့မှ ၃၈ မိုင်အကွာတွင် ရှိသော ရဟာလာကီလီတွင် သင်ကြား ကြရ၏။

သီဟိုဠ်ကျွန်းတွင် သင်ကြားရသောလေ့ကျင့်ခန်းများသည် အိန္ဒိယ ပြည် အက်(စ်)အီးအိုင်ကျောင်းတွင် သင်ကြားရသည်ထက်ပင် ပို၍ လက် တွေ့ ကျ၏။ လက်နက်ကြီး ကိုင်တွယ်နည်း၊ အဆောက်အဦကြီးများကို ဖောက်ခွဲ ဖျက်ဆီးနည်း၊ ဝိုင်ယာလက် ဆက်သွယ်နည်း၊ ဝိုင်ယာလက်နှင့် လေယာဉ်ပျံကို ဆက်သွယ် စကားပြောနည်းနှင့် ပြောက်ကျား တိုက်ခိုက် နည်းများ သင်ကြားခဲ့ရလေသည်။

သည်လေ့ကျင့်ခန်းများကို သီဟိုဠ်တောနက်ကြီးများအတွင်း၌ လေ့ ကျင့်ရ၏။ တောနက်ကြီးထဲများသို့ ဝင်ကာ မြေပြင်နှင့်လေယာဉ် ဆက်သွယ် ပြီး "ဒရောပင်းဂရောင်း" ခေါ် ပစ္စည်းချရန် ကွင်းရှာရသည့် အလုပ်မှာ အပင်ပန်း အခက်အခဲဆုံးသော အလုပ်ဖြစ်ခဲ့၏။

ဤသင်တန်း ပြီးဆုံးသောအခါ သီဟိုဠ်မှ အိန္ဒိယပြည်သို့လာကာ ဂျက်ဆိုမြို့၌ လေထီးခုန်ရသေး၏။

လေ့ကျင့်ခန်းများမှာ ပင်ပန်းလှ၏။ သို့ရာတွင် မျိုးချစ်တော်လှန် ရေးသမား နှစ်ဦးဖြစ်သည့် မင်းလွင်နှင့် စောဂျိုးဇက်တို့မှာမူ ပင်ပန်းသည် ဟု မထင်။ သူတို့၏စိတ်တွင် အမိမြန်မာနိုင်ငံအား ဖက်ဆစ်ဂျပန်လက်မှ ကယ်တင်ရန် စိတ်စောနေသည် မဟုတ်ပါလား။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့နှစ်ဦးကဲ့သို့ပင် မြန်မာနိုင်ငံမှ လျှို့ဝှက် လာရောက်ကြသော မျိုးချစ် တော်လှန်ရေးသမားများ ဖြစ်ကြသည့် ပုဂ္ဂိုလ်အသီးသီးကလည်း ပင်ပန်းဆင်းရဲခြင်းကို မညည်းညူကြ။

အိန္ဒိယပြည်သို့ရောက်လာသမျှ မြန်မာပြည်မှ ဂျပန်ဆန့်ကျင်ရေး သမားများသည် တပ်ဖွဲ့အမှတ် ၁၃၆ တွင် ဆုံစည်းရသည်သာ ဖြစ်၏။ သခင်ချစ်ကောင်း၊ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုကျော်ရင်၊ သခင်ဗိုလ်၊ ကိုထွန်းအေး၊ မင်းလွင်၊ စောဂျူးဇက်၊ ကိုသန်း စသော မျိုးချစ် တော်လှန်ရေး ရဲဘော်များသည် ဤဂျက်ဆို လေယာဉ်ကွင်းမှတစ်ဆင့် မြန်မာပြည် မြေပြင်သို့ သွားကြရသည်သာ ဖြစ်၏။

သူ့အဖွဲ့ငယ်နှင့် သူ့တာဝန်ကျရာသို့ သွားရသည်ဖြစ်ရာ အချို့အဖွဲ့ ငယ်များမှာ သွားနှင့်ပြီးဖြစ်လျက် အချို့အဖွဲ့ငယ်များမှာမူ ကျန်နေသေးသည်။

မင်းလွင်နှင့်အဖွဲ့သည် မကြာမီ စက်သံ မြည်ဟိန်းနေသော လိုက် ဘရေးတား လေယာဉ်ကြီးအနီးသို့ ရောက်လာသည်။ ပြီးနောက် ချပေးထား သော လှေကားမှတစ်ဆင့် လေယာဉ်ပျံပေါ်သို့ တက်ကြသည်။ လေယာဉ်ပျံ ပေါ်သို့ ရောက်ပြီး မကြာမီ လေယာဉ်တံခါးပိတ်သွားကာ လေယာဉ်သည် အမြင့်သို့ ပျံတက်ရန် အားယူလျက် လေယာဉ်ပြေး လမ်းကြောင်းအတိုင်း ပြေးသည်။ စက်သံကြီးက နားမခံနိုင်အောင်ပင် မြည်ဟိန်းလွန်းလှသည်။

နောက် နှစ်မိနစ်တွင်ကား လေယာဉ်ပျံသည် အမြင့်သို့ ရောက် နေပေပြီ။

အချိန်ကား ၈ နာရီနှင့် မိနစ် ၂၀။

မှုန်မှေးသော လရောင်အောက်တွင် လိုက်ဘရေးတား လေယာဉ်ပျံ ကြီးသည် မြစ်ချောင်းကိုဖြတ်၊ တောတောင်ကို ပတ်ကာ ကြီးမားသော အဟုန်ဖြင့် မြန်မာပြည် မြစ်ဝကျွန်းပေါ်ဆီသို့ ဦးတည်ပျံသန်းလျက် ရှိ၏။

ထိုနေ့ကား ၁၉၄၅ ခုနှစ် မတ်လ ၁၆ ရက်နေ့ညပင် ဖြစ်တော့၏။

သူတို့တစ်တွေ မထွက်ခွာမီ မြန်မာပြည်စစ်မြေပြင်၏ နောက်ဆုံး သတင်းကို လျှို့ဝှက်တပ်ဖွဲ့အမှတ် ၁၃၆ ၏ ဌာနကြီးမှူးတစ်ဦးဖြစ်သူ ဘတ်တားစဘိုင်း (မြန်မာပြည် စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အပါး တော်မြဲဟောင်း) က ရှင်းလင်းပြောကြားပြီး ဖြစ်၏။


mgyoe.com

mgyoe.com

သူတို့ထွက်ခွာသောနေ့ မြန်မာပြည် စစ်မြေပြင်ကား ဤသို့တည်း။

မဟာမိတ် ၁၄ ၏ သေနာပတိ ဗိုလ်ချုပ်ကြီး ဆလင်းသည် ဂျပန်တပ်များကို မြေညီဖြစ်သော မန္တလေးတစ်ဝိုက်သို့ စုရုံးစေလျက် သံချပ်ကာကား အမြောက်ကြီးများဖြင့် ချေမှုန်းရန် ကြံရွယ်ထား၏။ ထို့ကြောင့် ဂျပန်များ မန္တလေးတစ်ဝိုက်သို့ စုမိစေရန် မန္တလေးကို စစ်ဦးပြလျက် ဂျပန်များကို ဖြားယောင်းနေသည်။

အကယ်၍ ဂျပန်တပ်များ မန္တလေး အနီးတစ်ဝိုက်တွင် စုမိလျှင် တိုက်ခိုက်ရန်အတွက် မဟာမိတ်တို့သည် ကလေးမြို့မှ တပ်မ တစ်ကြောင်း၊ ဖောင်းပြင်မှ တပ်မတစ်ကြောင်း ချီနေခိုက်လည်း ဖြစ်၏။ ဖောင်းပြင်တပ်သည် နိုဝင်ဘာလ ၂၉ ရက်မှစ၍ အပြင်းချီတက်ခဲ့ရာ ရွှေဘိုသို့ ဇန်နဝါရီလ ၇ ရက်နေ့တွင် ရောက်ကာ၊ ကလေးဝမှ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ချီလာသော စစ်ကြောင်းနှင့် ဆုံမိပေသည်။ ထိုစစ်ကြောင်း နှစ်ကြောင်းသည် တစ်ကြောင်းက စဥ့်ကူးသို့ကူးကာ မန္တလေးသို့ ချိန်ထား၏။ အခြားစစ်ကြောင်းတစ်ခုက စစ်ကိုင်းမှနေပြီး မန္တလေးကို ချိန်ထား၏။ ထိုအခိုက်တရုတ်ပြည်ဘက်မှ ဂျင်နရယ်စူလတန် ကြီးမှူးသော တပ်များသည်လည်း အရှေ့မြောက်မှနေကာ မိုးကုတ်၊ နမ္မတူ၊ လားရှိုးမြို့များကို ချိန်၍ တိုက်ခိုက်နေကြလေသည်။ ဗိုလ်ချုပ်ကြီး ဆလင်း ထောင်ထားသော ထောင်ချောက်ကို မမြင်ဘဲ ဂျပန်ဗိုလ်ချုပ်ကြီး ကီမူးရားသည် ၎င်း၏တပ်များကို မန္တလေးတွင် စုစည်းကာ မဟာမိတ်တပ်များကို ပိတ်ဆို့ကာကွယ်ရန် ကြံလေသည်။ သို့ကြောင့် မိမိ၏လက်အောက်ရှိ ရှမ်းပြည်မှ တပ်များနှင့် တောင်ကုတ်မှ တပ်များကို မန္တလေးတွင် စုရုံးကြရန် အမိန့်ထုတ်ဆင့်ထား၏။

ဂျပန်များ မန္တလေးတွင် စုစည်းနေခိုက် ကလေးမြို့မှ အမှတ်တမဲ့ လာသော မဟာမိတ်တို့၏ တတိယစစ်ကြောင်းသည် ဇန်နဝါရီလ ၁၁ ရက်တွင် ဂန့်ဂေါ၊ ဇန်နဝါရီ ၂၇ ရက်တွင် ပေါက်၊ ဇန်နဝါရီ ၂၈ ရက်တွင် ပခုက္ကူ၊ ပခုက္ကူမှတစ်ဆင့် ဂျပန်များ အခိုင်အမာတပ်စွဲထားသော မိတ္ထီလာကို တိုက်ခိုက်ရန် အဆောတလျင် ချီတက်ရာ၊ ဂျပန်များနှင့် ပြင်းထန်စွာ တိုက်ခိုက်ရပြီး မတ်လ ၄ ရက်နေ့တွင် မဟာမိတ်တပ်များက မိတ္ထီလာကို


mgyoe.com

mgyoe.com SAMPLE BOOK

သိမ်းပိုက်နိုင်ခဲ့၏။ မင်းလွင်တို့ ဂျက်ဆိုမှ မထွက်ခွာမီ ၁၂ ရက်အလိုတွင် ဖြစ်၏။

၁၉၄၄ ခု ဒီဇင်ဘာလကုန်ကပင် ဗြိတိသျှ သတင်းထောက်လှမ်းရေး ဌာနချုပ်နှင့် ဗမာ့တော်လှန်ရေးအဖွဲ့ချုပ်တို့ အဆက်အသွယ်ရနေပြီ ဖြစ်သည်။

ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့သည် ၁၉၄၃ ခု နိုဝင်ဘာလတွင် မေဂျာဆီးဂရင်းနှင့် ပထမဦးဆုံး ကြိုးမဲ့ကြေးနန်း အဆက်အသွယ်ရသည်။ မေဂျာဆီးဂရင်းကား ဗြိတိသျှစစ်တပ်များ မြန်မာပြည်မှ ဆုတ်ခွာစဉ်က တောင်တန်းများပေါ်တွင် ကျန်နေရစ်ကာ ကရင်ပြောက်ကျားတပ်များကို ဖွဲ့စည်းခဲ့သူဖြစ်၏။ ၎င်းထံမှ ကြေးနန်းတွင် "ဗမာ့ကာကွယ်ရေးတပ်မတော် ဦးစီးချုပ်ဖြစ်သူ အောင်ဆန်းသည် အခွင့်သာသည်နှင့် တစ်ပြိုင်နက် ဂျပန်အား ၎င်း၏တပ်များနှင့် တိုက်ရန် ကြံနေကြောင်း" ဖော်ပြထားလေသည်။

မင်းလွင်တို့ ဂျက်ဆိုမှ ထွက်ခွာသော မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်၌ ထူးခြားသော အကြောင်းအရာတစ်ရပ် ဖြစ်နေ၏။ ထိုအကြောင်းအရာမှာ အခြားမဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့ကာကွယ်ရေး တပ်မတော်ကြီး စစ်မြေပြင်သို့ ထွက်မည့်အခမ်းအနား ကျင်းပနေခြင်း ပင်တည်း။

ထို မတ်လ ၁၆ ရက်နေ့၏ နံနက်နိုး တစ်မိုးသောက်စတွင် ဖွေးလွသော နှင်းမြူငယ်ကလေးများ အနည်းငယ် ပိတ်ဆိုင်းနေသော်လည်း အရှေ့ကောင်းကင်မှ နေဝန်းကြီး တက်ကြွလာသည်နှင့် တစ်ပြိုင်နက် နှင်းတို့ ဖယ်ရှဲကာ ကောင်းကင်သည် ရင့်ရင့်ကြီး ပြာလျက် တိမ်ရှင်းသော နွေကောင်းကင်အဖြစ် ခံ့ခံ့ထည်ထည်ကြီး ရပ်တည်သည်။ ထိုနေ့ နံနက်တွင် ဗမာ့တပ်မတော်ကြီးက စစ်မထွက်မီ ရန်ကုန်မြို့တော်သူ မြို့တော်သားများအား ရွှေတိဂုံဘုရားကြီး၏ အနောက်မျက်နှာရှိ မြေညီကွင်းတွင် စစ်ရေးပြရင်း နှုတ်ဆက်သည်။ မြို့တော်သူ မြို့တော်သားများသည် ဗမာ့တပ်မတော် ချီတက်မည့် လမ်းတစ်လျှောက်တွင် ပန်းသပြေ ရေချမ်းအိုးများ ကိုင်ကာ အသင့်စောင့်ဆိုင်း ကြိုဆိုကြသည်။ အောင်ပါစေဟုလည်း စည်တော်ယွန်း


mgyoe.com

mgyoe.com
ကာ ကြိုဆိုကြသည်။ နံနက် ၈ နာရီတွင် ထိုကွင်းပြင်ကြီး၌ တပ်မတော်အားလုံး စုရုံးမိကာ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်း ပြောကြားပြီး ရန်သူကို တိုက်ရန်ဟုဆိုကာ ရွှေတိဂုံဘုရားအား တစ်ပတ်ဦးတိုက်လျက် ဗမာ့တပ်မတော်ကြီးသည် ရန်သူရှိရာသို့ ချီတက်သည်။

ထိုအချိန်၌ ဂျပန်တပ်များသည် မိတ္ထီလာတွင် အလုံးလိုက်အရင်းလိုက် အတိုက်ခံရပြီး ဂျပန်စစ်သား ၃၅၀၀ ကျော် ကျဆုံးကာ စစ်ရေးအရ ရှုံးနိမ့်နေဆဲ ဖြစ်၏။ ထိုအခိုက် ဗမာ့တပ်မတော်က ရန်သူကို တိုက်ခိုက်မည်ဆိုကာ ရန်သူရှိရာ စစ်မြေအထက်ဘက်သို့ ချီတက်သဖြင့် ဂျပန်တို့က ဝမ်းသာနေကြသည်။ ရန်ကုန်မြို့ရှိ ဂျပန် စစ်ဘက်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ဗမာ့တပ်မတော်က ၎င်းတို့အား တော်လှန်တော့မည်ဆိုသည်ကို မသိရသော်လည်း အိန္ဒိယပြည်ရှိ ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေးတပ် အမှတ် ၁၃၆ ကမူ သိရှိပြီး ဖြစ်ပေသည်။

ဗမာ့တပ်မတော်က ဂျပန်ကို တော်လှန်ရန် စစ်မြေပြင်သို့ ချီတက်နေပြီဖြစ်သည့်အကြောင်းကို ထိုနေ့မှာပင် ဌာနကြီးမှူး ဘတ်တားစဘိုင်းမှတစ်ဆင့် မင်းလွင်တို့ မြန်မာပြည်သို့ မထွက်ခွာမီ သိရှိရ၏။

ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့မှ သတင်းတိကျပုံမှာ အံ့သြစရာပင်ကောင်းသည်။

၁၉၄၃ ခု ဩဂုတ်လ ၁ ရက်နေ့၌ ဂျပန်ပေးသော လွတ်လပ်ရေးကို ယူစဉ် ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်သန်းထွန်းက လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးရာထူး လက်ခံသည်မှာ မိမိ၏ တော်လှန်ရေး လုပ်ငန်းဆောင်တာများအတွက် လုံခြုံသော အကာအကွယ်ဖြစ်ရန် ဖြစ်သည်ဟူသော အချက်နှင့် အစိုးရအဖွဲ့ဝင် သခင် ၄ ဦးဖြစ်သည့် သခင်အောင်ဆန်း၊ သခင်နု၊ သခင်သန်းထွန်းနှင့် သခင်မြတို့မှာ အားလုံး တော်လှန်ရေး ခေါင်းဆောင်များဖြစ်ကြသည်ဟူသော အချက်တို့ကို ဗြိတိသျှ သတင်းထောက်လှမ်းရေးအဖွဲ့က ရရှိထားလေသည်။ ၎င်းပြင် မြေအောက် တော်လှန်ရေးအတွက် တက်ကြွသော ခေါင်းဆောင်အဖြစ် သခင်သန်းထွန်းက တာဝန်ယူပြီး၊ သခင်မြမှာမူ သဘောတရားရေးရာ အပိုင်းဆိုင်ရာ တော်လှန်ရေး ဒုတိယခေါင်းဆောင်ဖြစ်သည်ကိုလည်း ၎င်းတို့အဖွဲ့က သိထားနှင့်သည်။ ဗိုလ်ချုပ်အောင်ဆန်း


mgyoe.com

mgyoe.com SAMPLE BOOK

ကာကွယ်ရေး ဝန်ကြီးနေရာ ယူသည်မှာလည်း တစ်ချိန်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်ကြီးနှင့်အတူ ဂျပန်အား ပြန်တိုက်ရန်အကြံဖြင့် ယူကြောင်းပါ သိထားလေသည်။

ဤနှယ် တိကျသည့် သတင်းများနည်းတူ–

"မေဂျာဂျင်နရယ် ရာထူးပေးထားခြင်းခံရသော သခင်အောင်ဆန်း သည် ဂျပန်၏ အကျယ်ချုပ်ခံနေရကြောင်း။ ဗိုလ်ရှုသဘင်နှင့် မင်းခမ်း မင်းနားများမှတစ်ပါး ၎င်းတပ်သားများနှင့် တွေ့ခွင့်မရကြောင်း။ အရက် သေစာ သောက်စားခြင်း မရှိသော သခင်အောင်ဆန်းသည် ယခုမူ စိတ်ညစ် ကာ နေ့မလင်း ညမလင်း ခေါင်းငိုက်စိုက်ကျသည်အထိ အရက်သေစာများ သောက်စားနေကြောင်း။ ယစ်ထုတ်ကြီးပင် ဖြစ်နေပြီဖြစ်ကြောင်း" စသည့် အခြေအမြစ်ကင်းသော လုပ်ကြံသတင်းမျိုးကိုလည်း ဗြိတိသျှ စစ်ထောက် လှမ်းရေး အဖွဲ့က ရရှိထားပေသေးသည်။ ဤသတင်းမှာ ရခိုင်ပြည်မှ ထွက်ပြေးလာသော ဗမာအစိုးရ အရာရှိတစ်ယောက်က စစ်ပြေးဘုရင်ခံ ဆာ ဒေါ်မန်စမစ်အား သခင်အားရ ကျွန်ဒဏ်ဝ ပြောသောစကားမှ မြစ်ဖျားခံ ပေါက်ဖွားသောသတင်း ဖြစ်၏။

သို့ရာတွင် ထိုအရာရှိ အိန္ဒိယပြည်သို့ မရောက်မီဆဲကပင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ဗြိတိသျှ လျှို့ဝှက်တော်လှန်ရေးအဖွဲ့ အဆက်အသွယ် ရရှိပြီးဖြစ်ရာ ထိုသတင်းမှာ ရယ်ဖွယ်သာ ဖြစ်တော့၏။

ဂျက်ဆိုလေယာဉ်ကွင်းမှ ကြီးမားသောအဟုန်ဖြင့် ပျံတက်ခဲ့သော လိုက်ဘရေးတား လေယာဉ်ပျံကြီးအတွင်း၌မူ မင်းလွင်၊ စောဂျိုးဇက်၊ ဗိုလ် ဖီးလစ်နှင့်အတူ အခြားလေယာဉ် အမှုထမ်းများ ထိုင်ခုံအသီးသီးတွင် ထိုင် နေကြသည်။

ဗြိတိသျှလူမျိုး ဗိုလ်ဖီးလစ်၏စိတ်တွင် မည်သို့ ခံစားနေရသည်ကို မသိနိုင်သော်လည်း မိမိ မွေးရပ်ဇာတိမြေသို့ ပြန်ရောက်ရတော့မည် ဖြစ် သည့်အတွက် မင်းလွင်နှင့် စောဂျိုးဇက်တို့၏ စိတ်မှာ လှုပ်ရှားနေသည်။

ဗိုလ်ဖီးလစ်သည် ၁၉၄၂ ခု ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မော်လ မြိုင်မှ နေ၍ ဒီဝီဇံတပ်မကြီး ၂ တပ်ရှိသော ဂျပန်တပ်ကို ပြန်လည် ခုခံ တိုက်ခိုက်သော ဘရီဂေးဒီးယားဘောက် ကွပ်ကဲသည့် အမှတ် ၂ ဘားမား


mgyoe.com

mgyoe.com
SAMPLE BOOK


ဘာရိဂိတ်တပ်မှ ဗိုလ်တစ်ဦး ဖြစ်ခဲ့၏။ ထိုနှစ် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၅ နာရီခွဲတွင် ဝေါမြို့ရှိ ဒီဝိဇ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီးစမိုက်၏ အမိန့်အရ ဘာရိဂိတ်တပ်မှူး ဟာရူးဂျုံးက စစ်တောင်းတံတားကို ချိုးဖျက်စဉ် တစ်ဖက်ကမ်း၌ ကျန်နေရစ်သော ဘာရိဂိတ်တပ် ၁၀ တပ်မှ စစ်သား ၃,၃၀၀ ကျော်နှင့် အတူ မစ္စတာဖီးလစ်လည်း ပါဝင်နေသည်။ ကံကောင်း ထောက်မ၍ တစ်ဖက်ကမ်းသို့ ကူးခဲ့နိုင်ပြီး မြစ်ကြီးနား လီဒိုလမ်းမှတစ်ဆင့် အိန္ဒိယပြည်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်၏။ အိန္ဒိယပြည် ရောက်သောအခါ သူသည် တပ်ဖွဲ့အမှတ် ၁၃၆ တွင် အမှုထမ်းရ၏။

မင်းလွင်သည် အသက် ၁၉ နှစ်အရွယ်သာ ရှိသေးသော ကျောင်းသားအရွယ် လူငယ်တစ်ဦးသာ ဖြစ်သည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ဂျာမနီအာဏာရှင် ဟစ်တလာက နေမဝင် ဗြိတိသျှအင်ပါယာဟု ကမ္ဘာတွင် ဝင့်ကြွားနေသော ဗြိတိသျှနိုင်ငံအား စစ်ကြေညာသောနေ့တွင် မင်းလွင်သည် အသက် ၁၃ နှစ်သားအရွယ် ကျောင်းသားမျှသာ ရှိသေး၏။ ထိုနှစ်တွင် တို့ဗမာအစည်းအရုံးကြီးမှ ကြီးမှူးကာ ဗမာ့ထွက်ရပ်ဂိုဏ်းတည်ထောင်ခြင်းနှင့် အိန္ဒိယနိုင်ငံ ရမ်ဂါကွန်ဂရက်မှ ပြန်လာသော သခင်အောင်ဆန်း တစ်ယောက် ထိုထွက်ရပ်ဂိုဏ်းကြီး၏ အထွေထွေအတွင်းရေးမှူးဖြစ်လာသည်ကိုလည်း မင်းလွင် စိတ်မဝင်စားနိုင်သေး။ မင်းလွင်သည် ထိုအခါက ရန်ကုန်မြို့ စိန့်ပေါလ်ကျောင်းတွင် သတ္တမတန်း၌ ပညာသင်ကြားနေသော ကျောင်းသားကလေးသာ ဖြစ်သေး၏။ ဥရောပတွင် စစ်ဖြစ်နေခြင်းသည် မင်းလွင်နှင့် မဆိုင်သလို ဖြစ်နေ၏။ သို့ရာတွင် မင်းလွင် နဝမတန်းရောက်သော ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ကား မင်းလွင်နှင့် တိုက်ရိုက်ဆိုင်သောနေ့ဟု ဆိုရမည် ဖြစ်တော့၏။ထိုနေ့ နံနက် ၁၀ နာရီတွင် လေကြောင်းရန် အချက်ပေး ဥသြသံသည် အဆက်မပြတ် ပေါ်လာ၏။ မိနစ် ၄၀ အကြာတွင်ကား တိုက်လေယာဉ် ၃၀ နှင့် ဗုံးကြဲလေယာဉ် ၇၀ ပါသော ဂျပန်လေတပ်ကြီးသည် ရန်ကုန်မြို့ကို စတင်ဗုံးကြဲတော့၏။ မင်္ဂလာဒုံရှိ ဘုရင့်လေတပ်မတော်မှ ဘတ်ဖဲလိုး တိုက်လေယာဉ်တပ်စုသည် ချက်ချင်းတက်ကာ ရန်သူတို့အား တိုက်ခိုက်၏။ သို့ရာတွင် အင်အားချင်း မမျှ၍ ရန်ကုန်မြို့မှာ ရစရာမရှိအောင် ပျက်စီးသွားပြီး ထောင်ပေါင်းများစွာသော လူတို့မှာ သေကျေရသည်။ ရန်ကုန်မြို့မှာလည်း ရုတ်ခြည်း ဆိုသလိုပင်


mgyoe.com

mgyoe.com SAMPLE BOOK

တစပြင်ကဲ့သို့ တိတ်ဆိတ်သွား၏။ စစ်ဒဏ်ကို တစ်ခါဖူးမျှ မကြုံဖူးသော ရန်ကုန်မြို့တော်သူ မြို့တော်သားတို့သည် ထိတ်ထိတ်လန့်လန့်နှင့် တောသို့ ပြေးကြသည်။ မြောင်းမြမြို့မှ ရန်ကုန် စိန့်ပေါလ်ကျောင်းသို့ ဘော်ဒါ လာနေသော မင်းလွင်သည်လည်း ဗုံးဒဏ်ကို ကိုယ်တွေ့ခံခဲ့ရပြီးနောက် မြောင်းမြသို့ ပြန်ခဲ့ရ၏။ မြောင်းမြသို့ ရောက်သောအခါ နိုင်ငံရေးလိုက်စားသော သခင်လူငယ်တစ်စုနှင့် စာဖတ်အသင်းတွင် ပေါင်းဖက်မိကြသည်။ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ ဗြိတိသျှ၏ စင်ကာပူခံတပ် ကျဆုံးချိန်တွင် မင်းလွင်သည် အသက် ၁၅ နှစ်ကျော် ၁၆ နှစ်အရွယ်သို့ ရောက်ရှိလာပြီး နိုင်ငံရေးအသိလည်း ဖွံ့ဖြိုးလာခဲ့၏။ ထိုနှစ် မတ်လ ၇ ရက်နေ့ ရန်ကုန်မှ ဗြိတိသျှအစိုးရ ဆုတ်ခွာရသော အချိန်တွင်ကား မင်းလွင်သည် ငယ်ငယ်ရွယ်ရွယ်နှင့် မြောင်းမြမြို့ သခင်အသင်းဝင်တစ်ဦး ဖြစ်နေပေပြီ။ မင်းလွင်၏ မိဘများမှာ ချမ်းသာသော တောင်သူလယ်သမားများ ဖြစ်၏။ မင်းလွင်၏ မိဘများက ၎င်းတို့၏သားငယ် မင်းလွင် တစ်ယောက် နိုင်ငံရေး လုပ်ဆောင်သည်ကို လုံးဝ မနှစ်ခြိုက်။ သို့ရာတွင် နိုင်ငံရေးအသိ ရှိလာပြီဖြစ်သော မင်းလွင်က ဇွတ်တိုးလုပ်သည်။ ထိုအခါ မင်းလွင်၏မိဘများက နိုင်ငံရေးလုပ်လျှင် သားအဖြစ်မှ အမွေဖြတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက် ပြောဆိုလာ၏။ သို့ရာတွင် မင်းလွင်သည် ထိုခြိမ်းခြောက်ချက်ကို မမှုဘဲ နိုင်ငံရေးကို ဆက်လုပ်၏။ သို့နှင့် မြောင်းမြမြို့ကို ဘီ၊ အိုင်၊ အေ တပ်မတော် သိမ်းသောအခါ သခင်ပေါက်စ မင်းလွင်သည် ဘီ၊ အိုင်၊ အေ တပ်မတော်တွင်းသို့ ဝင်ချင်စိတ်ဆန္ဒ ပြင်းပြလာသည်။ ဘီ၊ အိုင်၊ အေ တပ်မတော်တွင်းသို့ သခင်ပေါက်စ မင်းလွင်အား ဝင်ချင်အောင် နှိုးဆော်သည်ကား ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ဗိုလ်ချုပ် ဗိုလ်တေဇ (သခင်အောင်ဆန်း) ၏ ကြေညာချက်ကြောင့်ပင် ဖြစ်၏။

## ဗမာ့လွတ်လပ်ရေး တပ်မတော်
## အကြောင်းနှင့်အကျိုး

ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ယိုးဒယားပြည်တွင် ဖွဲ့စည်းခဲ့သည်။ တပ်တော်ကြီး ဦးစီးရန်အတွက် ဗိုလ်များကို နိပ္ပွန်ပြည် ဟိုက်နံကျွန်း၊


mgyoe.com

mgyoe.com SAMPLE BOOK

ဖော်မိုဆာကျွန်းတို့တွင် စစ်ပညာ သင်ကြားခဲ့စေသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာပြည်တွင်းသို့ စစ်လေးကြောင်းချီ၍ ယိုးဒယားပြည်မှ ဝင်ရောက်ခဲ့သည်။ ၎င်းစစ်လေးကြောင်းအနက် တစ်ကြောင်းမှာ ဟသ်ာတ အထိ ရေကြောင်းချီခဲ့သည်။ မြိတ်နယ်ကို ယခု ဗိုလ်မှူးကြီး ဗိုလ်ရန်နိုင် ကြီးမှူးသော တပ်မတော်ခွဲက သိမ်းပိုက်ခဲ့သည်။ ထားဝယ်နယ်ကို နီပွန် ဗိုလ် ဗိုလ်အေးနှင့် ထိုစဉ်က ဗိုလ်မှူးကြီး၊ ယခု ဗိုလ်ချုပ်ကလေး ဗိုလ်လကျ်ာ (သခင်လှဖေ) တို့ ကြီးမှူးသော တပ်မတော်ခွဲနှင့် နီပွန်တို့ ပူးတွဲ သိမ်းယူခဲ့သည်။ အထက်စစ်ကြောင်းတွင် တပ်မတော်၏အဖ ဂျပန်ဗိုလ်ကြီး (ဗိုလ်မိုးကြိုး) နှင့် ထိုစဉ်က ဗိုလ်ချုပ်ကလေး၊ ယခု ဗိုလ်ချုပ်တေဇ (အောင်ဆန်း)၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျတို့ ကြီးမှူး၍ ချီတက်လာကြသည်။ မြစ်ဝကျွန်းပေါ်ကို ဗိုလ်ရန်နိုင်တပ်နှင့် တက္ကသိုလ်ကျောင်းသား ဗိုလ်အောင်၊ ဗိုလ်ဝင်း၊ ဗိုလ်သိမ်းဆွေ၊ ဗိုလ်ဝင်း၊ သခင်သိန်းဖေတို့ ကြီးမှူးသော အတွင်းသူပုန်တပ်များက သိမ်းပိုက်ခဲ့လေ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထားဝယ်၊ ဖျာပုံ၊ ဟသ်ာတ၊ ဒေးဒရဲ၊ ပဲခူး၊ စစ်တောင်းတစ်ဝိုက် ရွှေကျင်၊ ရွှေတောင်၊ ဖာပွန်တိုက်ပွဲများတွင် ဝင်နွှဲခဲ့သည်။ ရန်သူလေယာဉ်ပျံ၊ သံချပ်ကာကား နှင့် အဆမတန်များသော ရန်သူအားများကို အကြိမ်ကြိမ် ချိုးနှိမ်ဖျက်ခဲ့သည်။ အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလိပ်တပ်စစ်သား အများကိုလည်း သုံ့ပန်းအဖြစ် ဖမ်းဆီးရခဲ့၏။ ရခိုင်ပြည် တစ်ပြည်လုံးကို ဗိုလ်မှူး ဗိုလ်ရန်အောင် ကြီးမှူးသော ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် နီပွန်တပ်မခွဲတို့ သိမ်းပိုက်ခဲ့ပြီးလေပြီ။ အထက်မြန်မာပြည်သို့ အကြောင်းကြောင်း ချီတက်ခဲ့၍ တိုက်ပွဲအမျိုးမျိုး နွှဲခဲ့လေပြီ။ ဤချီတက် တိုက်ခိုက်နေသော တပ်ပေါင်းစုကို (ဗိုလ်တေဇ) သခင်အောင်ဆန်းက ကြီးမှူး အုပ်ချုပ်သည်။

ရဲဘော်တို့၊ တို့ဗမာ တို့ဗမာ့ လွတ်လပ်ရေး တပ်မတော်ကြီး ချီတက်လာလေပြီ။ ကြိုကြ ဆိုကြတော့။ သုံးရောင်ခြယ်နှင့် ဒေါင်းအလံကို လွှင့်တင် ကြကုန်လော့။ တပ်မတော်သို့ အစုလိုက် အပြုံလိုက် ဝင်ကြလော့။ အမှုထမ်းကြလော့။ အနှစ် ၅၀ မှ ၁၀၀ မျှ မှေးမှိန်နေသည့် မြန်မာ့ရာဇဝင်ကို ပြန်လည် ထွန်းတောက်စေလော့။ မြန်မာ့ခေတ်သစ် လွတ်လပ်သော မြန်မာပြည်ကို ထူထောင်ကြလော့။ မလျော့တမ်း နောက်ဆုံး မြန်မာ့


mgyoe.com

mgyoe.com SAMPLE BOOK

လွတ်လပ်ရေး စစ်ပွဲကြီးတွင် မြန်မာ့သတ္တိ၊ မြန်မာ့သွေးကို လေးလေးနက်နက် တစ်ခဲနက် ပြကြလော့။

ဗိုလ်ချုပ်တေဇ (သခင်အောင်ဆန်း)
ဗမာ့လွတ်လပ်ရေး တပ်မတော်။

**ဗမာ့လွတ်လပ်ရေး တပ်မတော်ဆိုတာ ဘာလဲ။**

၁။ ။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေး၊ လွတ်လပ်ကြောင်းအတွက် ရူလားမြောက်သူ၊ ကျန်းမာသူ မြန်မာတိုင်း မြန်မာတိုင်း ပါဝင်သော တပ်ကြီးဖြစ်သည်။ ၎င်းတပ်ကို သခင်တပ်ဟု အချို့က ထင်မြင်ကြသော်လည်း သခင်များ၏တပ် မဟုတ်။ ဂိုဏ်းဂဏပါတီမရွေး မြန်မာ့လွတ်လပ်ရေးကို လိုလားသည့် မြန်မာတိုင်း မြန်မာတိုင်း ပါဝင်သော တပ်သာလျှင် ဖြစ်၏။ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်၏။

၂။ ။ ၎င်းတပ်သည် နိပ္ပွန် မဟာမိတ်တပ်ကြီးနှင့် ပူးပေါင်းပြီး သကာလ ရန်သူအင်္ဂလိပ်တို့ကို ဗမာ့မြေပြင်မှ နှင်ထုတ်ကြပြီး ဖြစ်လေသည်။

၃။ ။ ၎င်းတပ်ကို ဦးစီး အုပ်ချုပ်လျက် ဗိုလ်မှူးအဖြစ် ဆောင်ရွက်သူများကား နိပ္ပွန်ပြည် ဟိုင်နံကျွန်း၊ ဖော်မိုဆာကျွန်းတို့တွင် ၂ နှစ်ခန့် စစ်အတတ်ကို တစ်ဖက်ကမ်းခပ် သင်ကြားလာသူများ ဖြစ်၏။

၄။ ။ တပ်သားများသည်လည်း မြန်မာပြည် တောင်ဘက်အစွန်းမှ မြောက်ဘက်အစွန်းထိ ခြေကျင်ခရီး ချီတက်လာပြီး ရင်မြေကတုတ်လုပ်ကာ သက်စွန့်ကြိုးပမ်း တိုက်ခဲ့သူများ ဖြစ်လေသည်။

၅။ ။ လွတ်လပ်ရေး ဆိုသည်မှာ အပြောနှင့် ပြီးနိုင်သောကိစ္စမဟုတ်။ လုပ်ယူမှ ရ၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးနှင့်သာလျှင် ဗမာ့လွတ်လပ်ရေးကို ရအောင်ယူနိုင်မည်။ ရပြီးသော လွတ်လပ်ရေး မဆုံးရှုံးရအောင် ကာကွယ်နိုင်ပေသည်။

၆။ ။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာအားလုံးနိုင်ငံရေး ညီညွတ်မှုရရှိအောင် လုပ်မည်ဖြစ်၏။ တကယ် လွတ်လပ်ရေးကို


mgyoe.com

mgyoe.com SAMPLE BOOK

လိုလားသူတို့သည် တစည်းတလုံးတည်းရှိအောင် လုပ်မည်ဖြစ်၏။ မြန်မာ့လွတ်လပ်ရေး အနှောင့်အယှက်ပြုသူ ဆူးညှောင့် ခလုတ်ဖြစ်သူတို့ကို ကျူပင်ခုတ် ကျူငုတ် မကျန်အောင် သုတ်သင်ရှင်းလင်းမည် ဖြစ်၏။

၇။ ။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အင်္ဂလိပ် အစိုးရလက်ထက်က အမှုထမ်းခဲ့သူတို့အား ကလဲ့စားချေမည်ဟူသော သဘောမရှိ။ အရည်အချင်းရှိက အရည်အချင်းအလျောက် ပြန်လည် အမှုထမ်းစေမည် ဖြစ်၏။

၈။ ။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရှမ်း၊ ချင်း၊ ကချင်စသော တိုင်းရင်းသားတို့နှင့် တစ်သွေးတည်း တစ်စိတ်တည်း ရှိ၏။ မြန်မာပြည် အတွင်းရှိ တိုင်းရင်းသားအားလုံး ဗမာအပေါင်းတို့သည် အခွင့်အရေး တန်းတူရစေမည် ဖြစ်၏။

၉။ ။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်မှူးတို့သည် ရာထူးကြီးငယ် လက်ဝယ်ခံယူလိုသောစိတ် မရှိ။ ဗမာ့လွတ်လပ်ရေး တပ်မတော်အတွက် အနစ်နာခံခဲ့သော ပုဂ္ဂိုလ်များ၏ ခေါင်းဆောင်မှုကို လိုက်နာ ဆောင်ရွက် အမှုထမ်းရန် အသင့်ရှိ၏။

၁၀။ ။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ အလုံးအရင်းနှင့် ဝင်ကြလော့။ အချိန်ရှိခိုက် စစ်အတတ်နှင့် လက်နက်ကိုင်ပညာကို အကုန်သင်ပေးမည်။ တပ်ကြီး တည်တံ့ရေးအတွက် ရိက္ခာထောက်ပံ့ကြလော့။ နေရာထိုင်ခင်းများ စီစဉ်ပေးကြကုန်လော့။

**ဗိုလ်ချုပ်ကလေး ဗိုလ်တေဇ**

**ဗမာ့လွတ်လပ်ရေး တပ်မတော်**

သခင်ပေါက်စ မင်းလွင်သည် ဤ ဗိုလ်ချုပ်ဗိုလ်တေဇ၏ ကြေညာချက် နှစ်ရပ်ကို ဖတ်ရှုရပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရန် စိတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး ဝင်ရန် ဆုံးဖြတ်ခဲ့၏။ ထိုဆုံးဖြတ်ချက်နှင့်အတူ ဝင်ခဲ့ပေသည်။ ဝင်လျှင် ဝင်ချင်းပင် ရှေ့တန်း စစ်မျက်နှာဖြစ်သော ရွှေတောင်သို့ ပို့ခံရပြီး ပြင်းထန်သောတိုက်ပွဲကို တိုက်ရ၏။ မတ်လ ၂၇ ရက်နေ့ ပြည်မြို့ကို သိမ်းပိုက်သော တိုက်ပွဲတွင်လည်း မင်းလွင်သည် ဘီ၊ ဒီ၊ အေ တပ်သားကောင်း တစ်ဦးအနေဖြင့် ပါဝင် တိုက်ခိုက်ခဲ့ရ


mgyoe.com

mgyoe.com SAMPLE BOOK

၏။ ထိုမှတစ်ဆင့် အထက်မြန်မာပြည် စစ်မြေပြင်သို့ ရောက်ခဲ့ရ၏။ မူလ ပထမက လူငယ်ပီပီ သွေးပူပူဖြင့် စစ်တိုက်ရန်အတွက် ဝင်ခဲ့သည် မှန်သော် လည်း တဖြည်းဖြည်း မင်းလွင်အား တိုင်းပြည်လွတ်လပ်ရေးအတွက် အသိ တရားက လွှမ်းမိုးလာသည်။ ဂျပန်များနှင့်အတူ စစ်မြေပြင်အရပ်ရပ်တွင် ဆင်နွှဲခဲ့သည် ဖြစ်သဖြင့် မင်းလွင်သည် ဂျပန်တို့၏ ဖက်ဆစ်သရုပ်ကို မြင်လာသည်။ ဤမြင်ခြင်း အကြောင်းတရားက ဂျပန်ဝင်စကပင် ဂျပန် ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းများ လုပ်နေသော ဗမာပြည် ကွန်မြူနစ် ပါတီနှင့် ဆက်သွယ်မိစေ၏။ သို့နှင့် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းပြ သော ဘီ၊ ဒီ၊ အေ တပ်သားကလေး မင်းလွင်သည် မြေအောက် ဂျပန် ဆန့်ကျင်ရေး အင်အားစု ဆက်သွယ်ပေးမှုဖြင့် အိန္ဒိယပြည်သို့ ရောက်ခဲ့ ရ၏။ အိန္ဒိယပြည်သို့ ရောက်သောအခါ ၎င်းထက်စောစွာ အိန္ဒိယပြည်သို့ ရောက်နှင့်သော ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးအဖွဲ့ ကိုယ်စားလှယ် သခင် သိန်းဖေနှင့် သခင်တင်ရွှေကို ကာလကတ္တားမြို့မှ ၇ မိုင်ဝေးသော ဘီဟာလာ ရပ်ကွက်တွင် တွေ့ရ၏။ ၎င်းတို့ ဆက်သွယ်ပေးမှုဖြင့် ဗြိတိသျှစစ်ဝန်ကြီး အဖွဲ့လက်အောက်တွင် တိုက်ရိုက်ထားသော အမှတ် ၁၃၆၊ ဗြိတိသျှ လျှို့ဝှက် တော်လှန်ရေးအဖွဲ့သို့ ဝင်ခွင့်ရခဲ့၏။ ဤဝင်ခွင့်ရရာမှ လိုအပ်သော စစ် သင်တန်းတက်ပြီး မြန်မာပြည် မြေပြင်သို့ လေထီးဖြင့် ဆင်းသက်ရန် ပြန် လာခြင်း ဖြစ်ပါ၏။

စောဂျိုးဇက်မှာမူ ကရင်လူငယ်တစ်ဦး ဖြစ်၏။ မင်းလွင်ထက် အသက် ၁၀ နှစ်ခန့် ကြီးသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက သူသည် အမှတ် ၁၂ ဘားမား ဘရိဂိတ်တပ်တွင် ဒုဗိုလ်အဖြစ် အမှုထမ်းခဲ့သူ ဖြစ် ၏။ စောဂျိုးဇက် အမှုထမ်းသော အမှတ် ၁၂ ဘားမား ဘရိဂိတ်တပ်သည် တနင်္သာရီတိုင်းတွင် တပ်စွဲထားသည့်အားလျော်စွာ ဝိတိုရိယ အင်ူမှ ဝင်လာ သော ဂျပန်တပ်ဦးနှင့် ပထမဦးစွာတွေ့ကာ တိုက်ခိုက်ခဲ့ရသည်။ ၁၉၄၂ ခု ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဂျပန် ဒီဝီဇံတပ်မကြီး၏ ရှေ့ပြေးတပ်နှင့် တိုက်ပွဲဖြစ်ပွားရာ တပ်ဖြည့်သဘောဖြင့် ဗိုလ်ချုပ်ဟပ်တန် ပို့လိုက်သော မန္တလေးမှ အမှတ် ၁၆ အိန္ဒိယ ဘရိဂိတ်နှင့်အတူ စောဂျိုးဇက် အမှုထမ်း သော အမှတ် ၁၂ ဘားမားဘရိဂိတ်သည် အလူးအလဲ တပ်လုံးပြတ်မျှ ခံရပြီး


mgyoe.com

mgyoe.com SAMPLE BOOK

မော်လမြိုင်သို့ တပ်သား အနည်းငယ်စီနှင့်သာ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြန်လာနိုင်ခဲ့သည်။ ဤတိုက်ပွဲတွင် စောဂျိုးဇက်မှာ ကံကောင်းထောက်မသဖြင့် လွတ်မြောက်ခဲ့ရပြီး အောင်မြင်စွာ ဆုတ်ခွာခဲ့ရသော ဗြိတိသျှတပ်များနှင့်အတူ အိန္ဒိယပြည်သို့ ပါလာခြင်းဖြစ်၏။ သူ့ဇာတိမှာ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဝဲဒေါင့်ရွာအနီး ဗမာကရင်စုရွာ ဖြစ်၏။ လျှို့ဝှက်တော်လှန်ရေးတပ်ဖွဲ့ အမှတ် ၁၃၆ ၏ အဖွဲ့ဝင်များဖြစ်ကြသော ကွန်မြူနစ်ပါတီဝင် သခင်ဗိုလ်နှင့် ကိုထွန်းအေးတို့သည်လည်း စောဂျိုးဇက်ကဲ့သို့ပင် ညောင်တုန်းသားများ ဖြစ်ကြ၏။ သူ့ကို မအူပင်ခရိုင်သို့ ရွေးချယ် စေလွှတ်သည်မှာ ကရင်ပြောက်ကျားတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ဖြစ်၏။

ဂျပန်ဝင်စအချိန်က မြစ်ဝကျွန်းပေါ် တစ်လျှောက်တွင် ဖြစ်ပွားခဲ့သော ကရင်–ဗမာ မုန်းတီးရေး အဓိကရုဏ်းများသည် ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် မြေအောက် ဂျပန်ဆန့်ကျင်ရေး ဂိုဏ်းသားများ၏ ကြိုးပမ်းချက်ကြောင့် ဆက်လက် မဖြစ်ပွားတော့ဘဲ ၎င်း ကရင်အမျိုးသားများပင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၌ ဝင်ရောက် ပါဝင်နေပြီဖြစ်ရာ ဤအချက်သည် စောဂျိုးဇက်အဖို့ ကရင်ပြောက်ကျားတပ်များ ဖွဲ့ရာတွင် လွယ်ကူစေသော အချက်ဖြစ်စေမည်ဟု စောဂျိုးဇက်က မျှော်လင့်မိ၏။ စောဂျိုးဇက်ကဲ့သို့ပင် မင်းလွင်ကလည်း မျှော်လင့်၏။

မြစ်ဝကျွန်းပေါ်၌ ဖြစ်ပွားခဲ့ရသော ကရင်–ဗမာ အရေးတော်ပုံကား ဝမ်းနည်းဖွယ်ရာ ကောင်းလှ၏။ ဤအရေးတော်ပုံသည် မြောင်းမြခရိုင်အတွင်းရှိ အိမ်မဲမြို့အား ဘီ၊ ဒီ၊ အေ တပ်မတော်က ဝင်သိမ်းရာမှ အစပျိုးခဲ့သည် အဆိုရှိသည်။ သခင်များ ပါဝင်သော ဘီ၊ ဒီ၊ အေ တပ်က အိမ်မဲမြို့ကို သိမ်းသောအခါ ဆာပေါ်ထွန်း အစိုးရအဖွဲ့ဝင် အင်္ဂလိပ်မကို ယူထားသော ကရင်အမျိုးသား ဝန်ကြီး စောဖေသာက ပြန်လည် ခုခံခဲ့လေသည်။ ဘီ၊ ဒီ၊ အေ တပ်သားများကို ခုခံရာတွင် ၁၉၄၂ ခုနှစ် မတ်လ ၁ ရက်နေ့ ရန်ကုန်မှ မေမြို့သို့ အပြီးအပိုင် ပြောင်းရွှေ့သော ဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ မလိုက်ဘဲ လမ်းခုလတ်မှ လစ်ပြေးလာခဲ့သော ကရင်အမျိုးသား ကိုယ်ရံတော် တပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ ပြန်လည် ခုခံခဲ့ပေသည်။ ၎င်းတို့ ခုခံမှုကြောင့် ဘီ၊ ဒီ၊ အေ တပ်သား အတော်များများ ကျဆုံးကြရသည်ကို


mgyoe.com

mgyoe.com SAMPLE BOOK
အခဲမကျေ ဖြစ်ကြသော ဘီ၊ ဒီ၊ အေ တပ်ဖွဲ့ဝင်များသည် ကရင်အမျိုးသား ကိုယ်ရံတော်တပ်အား ချေမှုန်းပြီးနောက် ဝန်ကြီး စောဖေသာနှင့်တကွ ခုခံသူများကို သုတ်သင်ပစ်ကြလေသည်။ ဤမှအစပြု၍ ကရင်–ဗမာ အရေးတော်ပုံသည် ပေါ်ပေါက်လာခဲ့ရလေတော့သည်။ ထိုစဉ်က မင်းလွင်သည် မြောင်းမြမြို့၌ပင် ရှိသေး၏။ ထိုတိုက်ပွဲကို ဦးစီးခေါင်းဆောင်ပြုခဲ့ကြသူများကား ဗိုလ်ဝင်းနှင့် ဗိုလ်သောင်းတင် ဖြစ်ကြောင်း ထိုအခါက မင်းလွင် ကြားခဲ့ရ၏။

ဤမနှစ်မြို့ဖွယ် အဖြစ်အပျက်မျိုးကို မင်းလွင်သည် မုန်းတီး ရွံရှာ၏။ ဤသို့ ဖြစ်ရခြင်းမှာလည်း နယ်ချဲ့၏ ယုတ်မာမှုကြောင့် ဖြစ်ခြင်းဟု မင်းလွင် မြင်မိ၏။

အနော်ရထာမင်းလက်ထက်မှ အလောင်းဘုရားခေတ်တိုင် ကရင်များသည် မြန်မာများနှင့် အတူတကွ ချစ်ကြည်စွာ နေလာကြ၏။ သို့ရာတွင် ၁၈၂၆ ခု ဖေဖော်ဝါရီလတွင် အင်းဝမှ မိုင် ၄၀ ခန့်အကွာ ရန္တပိုအရပ်၌ အင်္ဂလိပ်–မြန်မာ ပထမ စစ်ပြေငြိမ်း စာချုပ်ချုပ်ဆိုပြီး မြန်မာပိုင် အာသံနယ်၊ ရခိုင်နယ်၊ တနင်္သာရီနယ်တို့ကို အင်္ဂလိပ်အား ပေးပြီးနောက်၌ကား မြန်မာအမျိုးသားများနှင့် ကရင်အမျိုးသားများ၏ ချစ်ကြည်ရေးမှာ တစ်စထက်တစ်စ လျော့ပါးလာသည်ကို ရာဇဝင်အရ တွေ့လာရ၏။ ထိုအကြောင်းအရာကို အင်္ဂလိပ်–မြန်မာ ပထမစစ်တွင် အောက်မြန်မာနိုင်ငံတစ်လွှားရှိ မွန်နှင့် ကရင်လူမျိုးများက မြန်မာတို့နှင့်အတူ ခုခံ မတိုက်ခိုက်ခြင်းနှင့် ဗြိတိသျှတပ်များအတွက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်း၊ လမ်းပြများအဖြစ် လိုက်ခြင်းက သက်သေသာဓက ပြနေ၏။ ဤသို့ ခုခံ မတိုက်သည်မှာ ဗြိတိသျှ ကိုလိုနီသမားများကို နှစ်ခြိုက်လိုလား၍ မဟုတ်။ ၎င်းတို့အပေါ် ရာစုနှစ်ပေါင်းများစွာက မြန်မာဘုရင်များ၏ လူမျိုးကြီးဝါဒ ကျင့်သုံးခဲ့ခြင်းကို နာကြည်း၍ ဖြစ်ခဲ့၏။ ပြီးတော့လည်း မြန်မာနိုင်ငံတွင်းသို့ တစိမ့်စိမ့် ဝင်ရောက်နေသော ဗြိတိသျှ သူလျှိုများနှင့် အမေရိကန် သာသနာပြုအဖွဲ့များ၏ ကရင်–ဗမာ မုန်းတီးရေး လှုံ့ဆော် ဖန်တီးမှုကြောင့်လည်း ဖြစ်၏။ အင်္ဂလိပ်–မြန်မာ ပထမစစ်ပြီးစေသည့် ရန္တပိုစာချုပ် ချုပ်ဆိုပြီးနောက် အင်္ဂလိပ်စစ်တပ်များ အောက်မြန်မာပြည်မှ ဆုတ်ခွာသည့်တိုင် မြန်မာမင်းသည် အောက်


mgyoe.com

mgyoe.com

မြန်မာပြည်အား အုပ်ချုပ်၍ မရခဲ့။ ကရင်အမျိုးသားများနှင့် မွန်အမျိုးသားများသည် မြန်မာဘုရင်အား ၁၄ နှစ်တိုင် တော်လှန်ပုန်ကန်ကြ၏။

မြန်မာမင်းအား ပုန်ကန်စေရန်နှင့် လူဖြူဖြစ်သည့် အင်္ဂလိပ်နှင့် အမေရိကန် လူမျိုးများအား ကရင်အမျိုးသားများက အထင်ကြီး မျှော်ကိုးစေရန် အမေရိကန် သာသနာပြုဖြစ်သည့် ဘက်ပတစ်အဖွဲ့သည် ထိုအခါက တနင်္သာရီတစ်ခွင်တစ်ပြင်နှင့် အောက်မြန်မာပြည်၌ အတော်ပင် ခြေလှမ်းကျဲခဲ့ပေသည်။

အမေရိကန် ဘက်ပတစ် သာသနာပြုအဖွဲ့မှ ကရင်ဘာသာဖြင့် ထုတ်ဝေသော ဓမ္မစာစောင်အချို့တွင် ကရင်–ဗမာ မုန်းတီး သွေးကွဲစေသော လုပ်ကြံပုံပြင်အချို့ကို ထည့်သွင်း ပုံနှိပ်လာသည်ကို တွေ့ရ၏။ လုပ်ကြံပုံပြင်တို့သည် ရယ်ဖွယ်ကောင်းသကဲ့သို့ နောင်အနာဂတ်ကာလတွင် တပြည်တည်းနေ တရေတည်းသောက် ဖြစ်ကြသည့် တိုင်းရင်းသား မြန်မာနှင့် ကရင် သွေးကွဲစေရန်လည်း ဖန်တီး လှုံ့ဆော်၏။ ဗြိတိသျှ လူဖြူကိုလိုနီသမားများကို ကရင်အမျိုးသားများ အားထား အထင်ကြီးစေရန်လည်း သွေးဆောင်၏။

ထိုပုံပြင်မှာ အခြားမဟုတ်။ ညီအစ်ကိုတစ်သိုက် ပုံပြင်ဖြစ်၏။ ထိုပုံပြင်၌ ဖခင်တစ်ယောက်တည်းနှင့် ကရင်၊ ဗမာ၊ မွန်၊ ချင်း၊ ရှမ်း၊ ကချင်၊ ကယားနှင့် ကုလားဖြူ ဟူသော ညီအစ်ကိုတစ်သိုက် ရှိလေသည်။ ကရင်သည် အစ်ကိုအကြီးဖြစ်၍ ညီအငယ်ဆုံးမှာ ကုလားဖြူဖြစ်၏။ အစ်ကိုအကြီးဆုံးဖြစ်သည့် ကရင်သည် တောင်ယာလုပ်ငန်းတွင်သာ စိတ်ဝင်စားပြီး အခြား မည်သည့်လုပ်ငန်းတွင်မျှ စိတ်မဝင်စားပေ။ တစ်နေ့တွင် ဖခင်ဖြစ်သူသည် ညီအစ်ကိုများထံ လာရောက်ကာ မြစ်တစ်ဖက်ကမ်းသို့ ၎င်းအား လှေနှင့်လိုက်ပို့ရန် မိမိ သားအကြီးဖြစ်သူ ကရင်အား ခေါ်သည်။ သို့ရာတွင် သားကြီးဖြစ်သူ ကရင်သည် မိမိ၌ တောင်ယာလုပ်ငန်းများ လုပ်နေရာ မအားလပ်သောကြောင့် ၎င်းအောက် ညီငယ်ဖြစ်သည့် ဗမာထံ လွှတ်၏။ ဗမာကလည်း ငြင်း၏။ ဤသို့ဖြင့် အခြားညီအစ်ကိုများက ဘယ်သူမျှ မပို့ကြဘဲ နောက်ဆုံး သားထွေးဖြစ်သည့် ကုလားဖြူကသာ ဖခင်အား မြစ်တစ်ဖက်ကမ်းသို့ ရောက်အောင် လှေဖြင့် လိုက်ပို့ခဲ့ပေသည်။ မြစ်၏ တစ်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းသို့ ရောက်သောအခါ ညီအစ်ကိုတစ်သိုက်၏ဖခင်က သားအငယ်ဆုံးဖြစ်သည့် ကုလားဖြူအား အစ်ကိုအကြီးဆုံးဖြစ်သူ ကရင်သည် မိမိကို တစ်ဖက်ကမ်းသို့ လိုက်မပို့သော်လည်း သားကြီးဖြစ်သည့်အတွက် အမွေပေးထိုက်သည်ဟု ပြောလျက် ၎င်းသားကြီးအတွက် ကြီးပွားရာကြီးပွားကြောင်း အတတ်ပညာ အစုံပါသည့် ရွှေပေစာကို ပေးသည်။ သားဖြစ်သူ ဗမာအတွက်မူ ရိုးရိုး ပေစာရွက်ကို ပေးသည်။ ဤသို့လျှင် အသီးသီး ပေစာရွက်များ ပေးလိုက်၍ သားအငယ်ဆုံး ကုလားဖြူသည် အစ်ကိုအကြီးဆုံးဖြစ်သူ ကရင်အား ဖခင် မှာလိုက်သည့်အတိုင်း ရွှေပေစာကို ပေး၏။ သို့ရာတွင် မိမိ ယာလုပ်ငန်းတွင်သာ စိတ်ဝင်စားနေသော ကရင်အကြီးသည် ရွှေပေစာကို မဖတ်ဘဲ သစ်တုံးပေါ်တွင် မေ့မေ့ပျောက်ပျောက် တင်ထားသဖြင့် နောင် ယာခင်းမီးရှို့သောအခါ မီးလောင်သွားခဲ့လေသည်။ ထို့အတွက် ၎င်းသိသင့် သိထိုက်သော ပညာများ မရလိုက်ဟု အဆိုရှိသည်။ ဗမာမူကား ပေရွက်ကို သိမ်းထား၍ ယနေ့တိုင် ပေရွက်ကို အသုံးပြုနေသေးသည်ဟု ပုံပြင်က ဆိုသည်။ တစ်ဖန် ပုံပြင်က သားအငယ်ဆုံးဖြစ်သည့် ကုလားဖြူသည် အစ်ကိုအကြီး ကရင်အား အမွေပေးလိုက်သည့် ရွှေပေစာနှင့် ဗမာအား ပေးသည့် ပေစာကို ဖတ်ရသည့်အားလျော်စွာ ဗဟုသုတ များစွာကြွယ်ဝနေသည်။ ကြီးပွားစရာ အကြောင်းများလည်း သိနေသည်။ ၎င်းညီအငယ်ဆုံး ကုလားဖြူသည် အစ်ကိုကြီးများအပေါ် အမြဲကြင်နာသည်။ အစ်ကိုကြီးများ ဆင်းရဲနေက တစ်နေ့တွင် မုချ လာရောက်ကူညီမည်။ ညီအငယ်ဆုံး ကုလားဖြူ လာသောအခါ အစ်ကိုကြီး ကရင်နှင့်တကွ ညီအစ်ကိုတစ်သိုက် အားလုံး ချမ်းသာကြမည်ဟု ဆိုလေသည်။

ဤပုံပြင်သည် ကိုလိုနီ နယ်ချဲ့များအား လက်ယပ်ခေါ်စေသော ပုံပြင်ဖြစ်၏။

ဤပုံပြင်အပြင် အခြားပုံပြင်လည်း ရှိသေး၏။ ထိုပုံပြင်မှာ အထက်ပါ ပုံပြင်နှင့် ခပ်ဆင်ဆင်တူသော ပုံပြင်ပင် ဖြစ်၏။ ထိုပုံပြင်တွင်တော့ အစ်ကို အကြီးဆုံးက ဗမာ၊ ညီလတ်က ကရင်၊ ညီအငယ်ဆုံးက လူဖြူကလေး ဖြစ်လေသည်။ အစ်ကိုကြီး ဗမာသည် ညီလတ်ဖြစ်သူ ကရင်အား နှိပ်စက် ကလူပြုသဖြင့် ညီလတ်မှာ ဆင်းရဲစွာ နေရ၏။ ညီငယ် လူဖြူကလေး


mgyoe.com

mgyoe.com

သည် မကြာမီ ကျမ်းစာများနှင့်အတူ ညီလတ်ထံ လာရောက်တော့မည်ဖြစ်သည်။ ညီငယ် လူဖြူကလေး လာသောအခါ ကရင်အမျိုးသားများ တိုးတက်မည်ဟု ပုံပြင်ဆန်ဆန် တေးတဘောင်က ဆိုလေသည်။

ထိုပုံပြင်ဆန်သော တေးတဘောင်သည် ပထမ အင်္ဂလိပ်–မြန်မာ စစ်မဖြစ်ပွားမီ တနင်္သာရီနှင့် အောက်မြန်မာပြည် အရပ်ရပ်တို့၌ အထူးပင် ပျံ့နှံ့နေလေသည်။ မြန်မာတုရင်များ၏ လူမျိုးကြီးဝါဒကျင့်သုံးမှုကို လောလောလတ်လတ် ခံနေကြရသော ကရင်အမျိုးသားများအဖို့ ထိုတေးတဘောင်မှာ ဟုတ်သလိုလို ရှိနေလေသည်။ ထို့ကြောင့် သူတို့သည် သူတို့အား ကယ်တင်ကာ ကြီးပွားအောင်လုပ်မည့် လူဖြူကလေးအား မျှော်လင့် စောင့်စား နေကြသည်။

ဤမျှော်လင့် စောင့်စားခြင်း စိတ်ဆန္ဒကြောင့်ပင် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားသောအခါ၌ လူဖြူအင်္ဂလိပ်တို့အား စားနပ်ရိက္ခာ ရှာဖွေပေးခြင်း၊ လမ်းပြများ လုပ်ကောင်း လုပ်ကြပေလိမ့်မည်။

သို့ရာတွင် လူဖြူဖြစ်သည့် ဗြိတိသျှ ကိုလိုနီနယ်ချဲ့သမားများသည် အပြောနှင့်အလုပ် မညီသောအခါ ရန္တပိုစာချုပ် ချုပ်ဆိုပြီး ၄ နှစ်အကြာ ၁၈၃၀ ပြည့်နှစ်တွင် မွန်အမျိုးသားများနှင့် ထားဝယ် အမျိုးသားများသည် ထားဝယ်နှင့် မြိတ်ကို နယ်ချဲ့လက်မှ တိုက်ခိုက် သိမ်းပိုက်ကြသည်။ ၁၈၂၆ ခု ရန္တပိုစာချုပ်အရ ပေးခဲ့သော ရခိုင်နှင့် တနင်္သာရီတို့တွင် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ အပြင်းအထန် ပေါ်ပေါက်ခဲ့ရသည်။

ထိုနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုမျိုးပင် ခရစ်သက္ကရာဇ် ၁၈၅၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မတရား စစ်ကြေညာကာ အောက်မြန်မာနိုင်ငံအား အဓမ္မ ဝင်ရောက်တိုက်ခိုက် သိမ်းယူခဲ့သော အင်္ဂလိပ်–မြန်မာ ဒုတိယ စစ်အပြီး အောက်မြန်မာနိုင်ငံ၌ ဖြစ်ပွား၏။ ထိုလှုပ်ရှားမှုများတွင် ၁၈၅၅ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် သာယာဝတီ၊ ပြည်၊ ပဲခူးနှင့် တောင်ငူ တို့တွင် လှုပ်ရှားသည့် ကရင်အမျိုးသား လှုပ်ရှားမှုမှာ စိတ်ဝင်စားစရာကောင်း၏။ ဗြိတိသျှနယ်ချဲ့သမား ကုလားဖြူများက မည်မျှသွေးခွဲသည့်တိုင် သူတစ်ပါး၏ အုပ်ချုပ်ခြင်းကို မလိုလားသော ကရင်အမျိုးသားများသည် "မင်သောင်"ဆိုသူကို ၎င်းတို့ ကရင်မင်းဆက်အဖြစ်တင်ကာ အောက်မြန်မာ


mgyoe.com

mgyoe.com SAMPLE BOOK
နိုင်ငံတစ်လွှားမှ ဗြိတိသျှ ကိုလိုနီသမားများကို အပြီးအပိုင် မောင်းထုတ်လျက် စစ်တောင်းမြစ်ဝှမ်းကို ၎င်းတို့ပြည်နယ်အဖြစ် ထူထောင်ရန် ကြိုးပမ်းသည်။ သို့ရာတွင် ကိုလိုနီ နယ်ချဲ့အင်္ဂလိပ်တို့က စစ်တပ်သုံးကာ နှိမ်နင်းခဲ့သည်။ တစ်ဖန် ၁၈၅၈ ခုနှစ်တွင် "မန်းလုံ" ဆိုသော ကရင်အမျိုးသားတစ်ယောက် ခေါင်းဆောင်လျက် မြစ်ဝကျွန်းပေါ်ရှိ မြို့ရွာပေါင်းများစွာကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုအခါက ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့သည် အနုနည်းသုံးကာ ပုန်ကန် လှုပ်ရှားမှုကို ငြိမ်းအေးစေသည်။

အနုနည်းကား အခြားမဟုတ်၊ ကရင်အမျိုးသားများအား ၎င်းတို့ထွင်ထားသော တေးတဘောင်အတိုင်း ညီအစ်ကိုအနေဖြင့် ရာထူးကြီးများပေးကာ ၎င်းတို့ဘက်သို့ သိမ်းသွင်းသွားခြင်းပင် ဖြစ်၏။ ဤသို့ သိမ်းသွင်းနိုင်ခြင်းကြောင့် ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီး သီပေါဘုရင် အိန္ဒိယပြည် ရတနာဂီရိသို့ နိုင်ငံရေးအကျဉ်းသမားအဖြစ် ပါတော်မူစဉ် မြန်မာပြည် အရပ်ရပ်မှ ထကြွ ပုန်ကန်သော ပုဂံနယ်ဗိုလ်ချို၊ ဝန်းသိုစော်ဘွား၊ ပုပ္ပါး ဗိုလ်နက်ကျော်၊ ခလောင်နယ် ဖောင်ရန်ညွှန့်၊ ကျွန်းမင်းကြီးလှကျော်၊ ဆီးပင်ကြီး မြင်းစိုင်းမင်းသား၊ မင်းတုန်းဗိုလ်ရွှဲ၊ ဆင်ဖြူကျွန်းဗိုလ်ဥတ္တမ၊ ရွှေဘိုမင်းသား ထိပ်တင်မှတ်၊ တောင်တွင်း ဗိုလ်လရောင်၊ ချောင်းခွ စောရန်ပိုင်၊ ကြေးစည်ရွာ ဗိုလ်သာကွန် စသော နယ်ချဲ့ဆန့်ကျင်ရေးဗိုလ်ပုံအပေါင်းအား ထိုသိမ်းသွင်းပြီးဖြစ်သည့် သြဇာခံ ကရင်လက်နက်ကိုင်တပ်များဖြင့် တိုက်ခိုက် နှိမ်နင်းခဲ့ပေသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်ကာ ယာလည်း ညက်စေ၊ ကြက်လည်း မောစေ ခွပ်ခိုင်းသည့် သံဘောပင် ဖြစ်၏။ ထိုသို့ နှိမ်နင်းခိုင်းရာမှ ကရင်–မြန်မာချစ်ကြည်ရေးမှာ တစ်စတစ်စ လျော့နည်းလာခဲ့ပေသည်။ စည်းလုံးနေခြင်းထက် ကွဲပြားနေခြင်းကို လိုလားသော ဗြိတိသျှ ကိုလိုနီသမားများသည် ဤသို့ မြန်မာနှင့်ကရင် မုန်းတီးကြခြင်းကို များစွာ သဘောကျ နှစ်ခြိုက်နေပေသည်။

အိမ်မဲတွင်ဖြစ်ပွားခဲ့သော ကရင်–မြန်မာ အရေးတော်ပုံသည် နှစ်ပေါင်းများစွာ ဗြိတိသျှ ကိုလိုနီနယ်ချဲ့သမား ဖန်တီးခဲ့သော မဖြစ်သေးသည့် ဖြစ်စဉ်တစ်ရပ် ထ၍ ဖြစ်ခြင်းသာ ဖြစ်၏။

ယခုသော်မူ ကရင် အမျိုးသားများသည် အင်္ဂလိပ်–မြန်မာ ပထမ


mgyoe.com

mgyoe.com SAMPLE BOOK


စစ်ပွဲ မပြီးမီမှ စတင်၍ အင်္ဂလိပ်က သွေးခွဲခဲ့သော်လည်း သွေးမကွဲဘဲ ဖက်ဆစ်ဂျပန် တော်လှန်ရေး အလံအောက်တွင် အတူစုရုံး ရောက်ရှိနေကြလေပြီ။

ထိုသတင်း ကြားရခြင်းအတွက် မင်းလွင်နှင့် စောဂျိုးဇက်မှာ ဝမ်းသာခြင်း ဖြစ်ရ၏။

## (၂)

လရောင်မှုန်ရီပိုးဝါးအောက်တွင် အထက် အမြင့်ပေ ၁၀,၀၀၀ ကျော်မှ အဟုန်ဖြင့် ပျံနေသော လိုက်ဘရေးတား လေယာဉ်ကြီးသည် ယခုမူ တဖြည်းဖြည်း အောက်သို့ နိမ့်ဆင်းခဲ့လေပြီ။

လေယာဉ်ပျံ၏ မှန်ပြတင်းမှတစ်ဆင့် အောက်သို့ ငုံ့ကြည့်မည်ဆိုလျှင် တောင်မှ မြောက်သို့ တန်းနေသည့် ခဲသားချောင်းလို ညိုညိုတန်းကြီး တစ်တန်းကို မြင်ရမည် ဖြစ်သည်။ မြစ်မင်း ဧရာဝတီသာ တကား။

လိုက်ဘရေးတား လေယာဉ်ကြီးသည် မြစ်ရိုးအတိုင်း တဖြည်းဖြည်း နိမ့်နိမ့်ပျံသန်းလေသည်။ များမကြာမီ လေယာဉ်ကြီးသည် ဧရာဝတီမြစ်ကမ်းဘေးရှိ မြို့ပျက်ထင်ရသော နေရာတစ်ခုကို ကျော်ဖြတ်လေသည်။ မြို့ပျက် ထင်ရသည်မှာ အခြားကြောင့်မဟုတ်။ လူနေအိမ်ခြေ ဆောက်ထားဟန်ရှိသော အဆောက်အဦ အများအပြားကို လရောင်ရေးရေးဖြင့် မြင်ရသောကြောင့် ဖြစ်၏။

ထိုမြို့ပျက် ထင်ရသောမြို့ လွန်သောအခါ လိုက်ဘရေးတား လေယာဉ်ပျံကြီးသည် တောင်ဘက်သို့ မောင်းနှင်နေရာမှ မြောက်ဘက်သို့ ပြန်လည်မောင်းနှင်ရန် ကွေ့သည်။ လေယာဉ်ကွေ့နေစဉ် လေယာဉ်စက်ခန်းမှ လေတပ် အရာရှိတစ်ဦး ထွက်လာသည်။ ပြီးနောက် မစ္စတာ ဖီးလစ်နှင့်အတူ ထိုင်နေကြသော မင်းလွင်နှင့် စောဂျိုးဇက်ထံ ထိုအရာရှိ ရောက်လာသည်။

'အခု ဟသ်ာတ ရောက်နေပြီ၊ သိပ်မကြာတော့ဘူး ရောက်တော့မယ်'

လေတပ်အရာရှိက အင်္ဂလိပ်ဘာသာဖြင့် တည်ငြိမ်စွာ ပြော၏။

'ဟုတ်ကဲ့၊ ဟသ်ာတ ရောက်ပြီဆိုတော့ သိပ်မလိုတော့ဘူးပေါ့။ ဒါထက် ဘာဖြစ်လို့ လေယာဉ် နောက်ကို ပြန်ကွေ့ရတာလဲ'


mgyoe.com